မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၁၉ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၂၇)

ဒို့တာဝန်အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၁၁/၂၀၁၂)

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
(၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် နိုင်ငံတော်သမ္မတ ဦးဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုလွှတ်တော်၊ တရားစီရင်ရေးအဖွဲ့တို့နှင့် ဟန်ချက်ညီညီလက်တွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရာတွင် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက် ဦးစားပေးဆောင်ရွက်လျက် ရှိပါသည်။

၂။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးရာတွင် ဦးဆောင်ဦးရွက်ပြုရန်အတွက် "ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ"အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က)	ဦးသိန်းစိန် နိုင်ငံတော်သမ္မတ	ဥက္ကဋ္ဌ
(ခ)	သီဟသူရဦးတင်အောင်မြင့်ဦး ဒုတိယသမ္မတ	အဖွဲ့ဝင်
(ဂ)	ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယသမ္မတ	အဖွဲ့ဝင်
(ဃ)	သူရဦးရွှေမန်း ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်	အဖွဲ့ဝင်
(င)	ဦးခင်အောင်မြင့် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်	အဖွဲ့ဝင်

စာမျက်နှာ ၃ ကော်လံ ၁ ◆

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၁၂/၂၀၁၂)

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
(၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးဆောင်ရွက်ရန်အတွက် "ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ"အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က)	ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယသမ္မတ	ဥက္ကဋ္ဌ
(ခ)	ဗိုလ်ချုပ်ကြီးစိုးဝင်း ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဦးအောင်မင်း ပြည်ထောင်စုဝန်ကြီး	ဒုတိယဥက္ကဋ္ဌ
(ဃ)	ဦးသိန်းဇော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်	ဒုတိယဥက္ကဋ္ဌ
(င)	ဦးအုန်းမြင့် ပြည်ထောင်စုဝန်ကြီး	အဖွဲ့ဝင်
(စ)	ဦးစိုးသိန်း ပြည်ထောင်စုဝန်ကြီး	အဖွဲ့ဝင်
(ဆ)	ဦးဇော်မင်း ပြည်ထောင်စုဝန်ကြီး	အဖွဲ့ဝင်

စာမျက်နှာ ၃ ကော်လံ ၁ ❖

ရန်ကုန်မြို့သည် စီးပွားရေးမြို့ဖြစ်သဖြင့် သန့်သန့်ရှင်းရှင်းနှင့် သွားလာရေးအဆင်ပြေအောင်ဆောင်ရွက် လှည်းတန်းခုံးကျော်တံတား ပြီးစီးနိုင်မည့်အချိန် ခန့်မှန်းကာလကို ပြည်သူများသိရှိနိုင်အောင် အသိပေး

ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လှည်းတန်းခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အားကစားကွင်းများနှင့် လှည်းတန်းခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မွန်းလွဲ ၁ နာရီတွင် ကမာရွတ်မြို့နယ် သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) တက္ကသိုလ်များ တင်းနစ်ကွင်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး *စာမျက်နှာ ၄ ကော်လံ ၁* ✱

19-5 (01).pmd 1 5/19/2012, 1:40 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် မေ ၁၉ ရက်)

ထိန်းသိမ်းအပ်ပေ ယဉ်ကျေးမှုအမွေ

ခေတ်တစ်ခေတ်တိုင်းတွင် ယဉ်ကျေးမှုဟူ၍ရှိ၏။ တကောင်းခေတ်တွင် တကောင်းယဉ်ကျေးမှု၊ ပျူခေတ်တွင် ပျူယဉ်ကျေးမှု၊ ပုဂံခေတ်တွင် ပုဂံယဉ်ကျေးမှုစသည်ဖြင့် ယဉ်ကျေးမှုများ ထွန်းကားခဲ့ကြသည်။ ခေတ်တစ်ခေတ်၏ လူသားများနေထိုင်စားသောက်ပုံ၊ သုံးနှုန်းပြောဆို ရေးသားကြသည့် ဘာသာစကား၊ အသုံးအဆောင်ပစ္စည်းများ၊ ပညာရပ်ဆိုင်ရာများစသည်တို့သည် ယဉ်ကျေးမှုပင်ဖြစ်၏။ ခေတ်တစ်ခေတ်ရှိ လူသားတို့၏ နေထိုင်မှုပုံစံများ၊ ပညာရပ်ဆိုင်ရာတတ်ကျွမ်းမှုများ အဆင့်မြင့်မားလျှင် ယဉ်ကျေးမှုအဆင့်အတန်းလည်း မြင့်မားသည်ဟု ဆိုကြ၏။

ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုသည် လူမျိုးတစ်မျိုး သို့မဟုတ် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်ဒြပ်ပင်ဖြစ်၏။ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားလေ ဂုဏ်ဒြပ်ကြီးလေဖြစ်၏။ ထို့ကြောင့်ပင် ကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံအသီးသီးတို့က ယင်းတို့၏ ရှေးဟောင်းယဉ်ကျေးမှုများကို အမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ကြ၏။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများတွင် ရှေးခေတ်လူသားတို့အသုံးပြုခဲ့ကြသော အသုံးအဆောင်ပစ္စည်းများ၊ စာပေနှင့်အနုပညာပစ္စည်းလက်ရာများ၊ ရှေးဟောင်းအဆောက်အအုံများ၊ စေတီပုထိုး ကျောင်းကန်များစသည်ဖြင့် ပါဝင်လေသည်။

ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်နိုင်သည်ဆိုသောစကားရှိ၏။ ကမ္ဘာပေါ်တွင် ယဉ်ကျေးမှုဆိတ်သုဉ်း၍ လူမျိုးပျောက်၊ နိုင်ငံပျောက်သောနိုင်ငံများရှိခဲ့ဖူးသည်။ ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ အသက်ပင်ဖြစ်သည်။ ထို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံအသီးသီးတို့က ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များ ကမ္ဘာတည်သရွေ့ တည်တံ့စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ကြ၏။ ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးသည် လူသားတစ်ရပ်လုံး၏ သမိုင်းပေးတာဝန်ကြီးတစ်ရပ်ပင်ဖြစ်၏။

မြန်မာနိုင်ငံသည် လူမျိုးပေါင်း ၁၀၀ ကျော်နေထိုင်သည့် ပြည်ထောင်စုနိုင်ငံပင်ဖြစ်၏။ ထိုလူမျိုးအသီးသီးတို့တွင် ခေတ်အဆက်ဆက်ကယဉ်ကျေးမှုများ ထွန်းကားခဲ့၏။ ယဉ်ကျေးမှုအမွေအနှစ်များ မြောက်မြားစွာရှိ၏။ ထိုယဉ်ကျေးမှုအမွေအနှစ်များ မတိမ်ကော မပပျောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်အဖြစ် ခံယူထိုက်ပေသည်။ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများသည် ကိုယ်ပိုင်ဖြစ်ချင်ဖြစ်မည်၊ အများပိုင်ဖြစ်ချင်ဖြစ်မည်၊ မည်သို့ပင်ဖြစ်စေ မပျက်စီးမဆုံးရှုံးစေရေးအတွက် ထိန်းသိမ်းရန် တာဝန်ရှိပေသည်။

ယခုအခါ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနက ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ယင်းဦးစီးဌာနသည် မြန်မာနိုင်ငံအနှံ့မှတွေ့ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်ဝတ္ထုပစ္စည်းများကို တာဝန်သိသိဖြင့် လာရောက်အပ်နှံပါက အဆိုပါပစ္စည်း၏ ကာလတန်ဖိုးများကိုပါ ထပ်ဆောင်းလျက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စုဆောင်းထိန်းသိမ်းလျက်ရှိပေသည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများသည် ရွှေထည်ဖြစ်ချင်ဖြစ်မည်။ ငွေထည်ဖြစ်ချင်ဖြစ်မည်။ ကြေးထည်လည်းဖြစ်ချင်ဖြစ်မည်။ မည်သို့ပင်ဖြစ်စေ ရှေးဟောင်းဝတ္ထုပစ္စည်းများသည် ဗန်းစုတ်တစ်ချပ်၊ ခြူတစ်လုံးပင် ဖြစ်လင့်ကစား သမိုင်းတန်ဖိုးသိလျှင် တန်ဖိုးကြီးမားသည်။ ထို့ကြောင့် ဤမြေ ဤရေရှိ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ မပျောက်ပျက်စေရေးအတွက် နိုင်ငံသားတိုင်းက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်သာဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မော်လမြိုင်ကျွန်းမြို့၌ ကျောင်းဆောင်သစ်များဖွင့်

မော်လမြိုင်ကျွန်း မေ ၁၈

မော်လမြိုင်ကျွန်းမြို့နယ် ကြက်ရှာကျေးရွာအုပ်စု ခနိချောင်းစံပြကျေးရွာတွင် ဆွစ်ဇာလန်နိုင်ငံ ဆွစ်ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (S.D.C)မှ ဆောက်လုပ်လှူဒါန်းသော တန်ဖိုးငွေကျပ်သိန်း ၃၇၀၀ရှိသည့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) စကူးလ်ရှယ်တာကျောင်းဆောင်သစ်နှစ်ဆောင် ဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက် နံနက် ၁၁ နာရီက ကျောင်းဆောင်သစ်ရှေ့မျက်နှာစာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးတင်မင်း၊ ကြက်ရှာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးထွန်းအောင်နှင့် ဆွစ်ဖွံ့ဖြိုးရေးတာဝန်ခံကိုယ်စားလှယ် မစ္စတာဖရန့်စ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဒုတိယဦးစီးမှူး ဦးဆန်းလင်းဦး၊ ကျောင်းအုပ် ဦးနေနိုင်ထွန်းနှင့် ရပ်မိရပ်ဖဦးမြင့်ကိုတို့က ကျောင်းဆောင်သစ် ရေရှည်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။ အဆိုပါစကူးလ်ရှယ်တာ ကျောင်းဆောင်သစ် နှစ်ဆောင်မှာ အလျား ၇၂ပေ၊ အနံ ၃၂ပေနှင့်အမြင့် ၂၃ပေရှိပြီး သဘာဝဘေးဖြစ်ပေါ်ပါက ခနိချောင်းစံပြကျေးရွာပြည်သူများ အသင့်ခိုလှုံနိုင်သော အဆောက်အအုံများဖြစ်ကြောင်း သိရှိရသည်။ **(ဝ၆၅)**

ယင်းမာပင်မြို့နယ်၌ စွမ်းအားမြင့်မီးဖိုများဖြန့်ဝေ

ယင်းမာပင် မေ ၁၈

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းရေးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု စွမ်းအားမြင့်မီးဖို ဖြန့်ဝေခြင်းနှင့် လူထုအသိပညာပေးဟောပြောပွဲကို မေ ၉ ရက် နံနက် ၁၀ နာရီက ယင်းမာပင်မြို့နယ် မင်းဇူးကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ထွန်းနှင့် ဒုတိယဦးစီးမှူး ဦးသက်နိုင်ဦးတို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများဟောပြောကာ တာဝန်ရှိသူများက တရော်ကျင်းကျေးရွာနှင့် မင်းဇူးကျေးရွာများရှိ အိမ်ထောင်စုများအား စွမ်းအားမြင့်မီးဖို ၁၀ လုံးကို မဲစနစ်ဖြင့် ဖြန့်ဝေပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

နတ်မောက်မြို့နယ် နဘူးတောင်ကျေးရွာ၌ စာကြည့်တိုက်ဖွင့်

နတ်မောက် မေ ၁၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လျှော်ချောင်းကြီးအုပ်စု နဘူးတောင်ကျေးရွာ စာပေဗိမာန် စာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၃ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေး၊ နတ်မောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းကိုနှင့် နဘူးတောင်ကျေးရွာ ရာအိမ်မှူး ဦးမောင်မွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာအုပ်စာစောင် တိုးပွားရေးတို့ကို ဆွေးနွေးမှာကြားပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစံမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ စာအုပ်စာစောင်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက စာအုပ်စာစောင်နှင့် ငွေပဒေသာပင် အလှူငွေကျပ် ၅၀၀၀၀၊ ကျေးရွာအလှူရှင် ၁၄ ဦးက ငွေကျပ် ၅၀၀၀၀၊ ခရိုင်ဦးစီးအရာရှိက ဂျာနယ်၊ မဂ္ဂဇင်းအုပ်ရေ ၁၀၀ နှင့် မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာခင်က ဂျာနယ်၊ မဂ္ဂဇင်းအုပ်ရေ ၁၀၀၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စာအုပ် စာစောင် ၃၀၀ ကို လှူဒါန်းခဲ့ကြသည်။

အဆိုပါ စာကြည့်တိုက်ကို နိုင်ငံတော်မှထည့်ဝင်ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ ထရံကာ၊ ကွန်ကရစ်ခင်း အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကုန်သည်/စက်မှုအသင်းချုပ်၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် Hanns Seidel Foundation (Germany)တို့ ပူးပေါင်းစီစဉ်မှုဖြင့် Corporate Social Responsibility (CSR) အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၂ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ **(အောက်ပုံ)** ထို့နောက် Hanns Seidel Foundation (Germany) မှ Mr. Axel Neubert နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့က အမှာစကားပြောကြားသည်။

ထို့နောက် Corporate Social Responsibility (CRS) အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်(Senior Advisor, UN Resident Coordinator' s Office ၊ ပါမောက္ခ Richard Seymour (University of Sydney) ၊ Mr. Martin Pan ၊ Ms. Christian Albrecht ၊ ကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်ခင်မြင့်နှင့် Mr. Andreas Dernbach (University of Berlin / gfa) တို့က စာတမ်းများကို ဖတ်ကြားခဲ့ကြကြောင်း သိရှိရသည်။ **(၁၆၈)**

မအူပင်မြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

မအူပင် မေ ၁၈

ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က စာပေညီလာခံအတွေ့အကြုံ ရှင်းလင်းပွဲနှင့် မြို့နယ်စာရေးဆရာအသင်း ဖွဲ့စည်းရေးအခမ်းအနားကို မအူပင်မြို့(မြို့မဈေးကြီး)ဈေးခေါင်းရုံးအပေါ်ထပ် အစည်းအဝေးခန်းမ၌ မေ ၁၂ ရက်နံနက် ၉ နာရီက ကျင်းပရာ ညီလာခံအတွေ့အကြုံများကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်း (ခြင်ကျား-မအူပင်) က ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်း ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ကို မဲပေးစနစ်ဖြင့် ဆန္ဒမဲပေးရွေးချယ်ကြရာ ဥက္ကဋ္ဌဦးမြင့်သိန်း(ခြင်ကျား-မအူပင်)၊ အတွင်းရေးမှူး ဦးငွေစိုး(ခြိမ့်နိုင်)၊ ဘဏ္ဍာရေးမှူးဦးအောင်မြင့် (မဟူရာရွှေခယ်မြေ)၊ ဦးမြင့်ဦး (သတင်းထောက် -မအူပင်)၊ ဦးကျော်မိုး (ပန်းတနော်-ကျော်မိုး)တို့အား ရွေးချယ်ခဲ့ကြောင်း သိရှိရသည်။ **(ဝ၆၈)**

မီးဖိုမီး အခြားမီး
သုံးပြီးသတိ အမြဲရှိ

အခြေခံအင်္ဂလိပ်စကားနှင့် ကွန်ပျူတာသင်တန်းဖွင့်

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူးဖွင့်လှစ်သော အခြေခံအင်္ဂလိပ်စကားပြောနှင့် ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၅ ရက် နံနက် ၉ နာရီက တာမွေမြို့နယ် ILBC ကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်ခင်သက်ဌေး **(ယာပုံ)**က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ILBC မှ ကျောင်းတာဝန်ခံ ဦးလေးမောင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြထံ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်နှင့် တာမွေမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီရှိန်တို့က အသင်းဝင်အဆိုပြုလွှာများပေးအပ်ကြသည်။ ယင်းနောက် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက သင်တန်းသူများအား လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရှိရသည်။ **(ဝ၂၅)**

ကျပန်းစစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၈

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပမည့် ၂၀၁၂ ခုနှစ် ကျပန်းစစ်တုရင်ပြိုင်ပွဲကို မေ ၂၈ ရက်မှ ဇွန် ၅ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် မေ ၂၆ ရက် နောက်ဆုံးထား၍ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(စစ်တုရင်အဖွဲ့ချုပ်)**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီဖွဲ့စည်း

◆ *ရှေ့ဖုံးမှ*

(စ) ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် — အဖွဲ့ဝင်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
(ဆ) ဒုတိယဗိုလ်ချုပ်ကြီးကိုကို — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန
(ဇ) ဒုတိယဗိုလ်ချုပ်ကြီးလှမင်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန
(ဈ) ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန
(ည) ဒေါက်တာထွန်းရှင် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်
(ဋ) ဦးမင်းဇော် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီသည် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ လုပ်ငန်းဆောင်ရွက်နိုင်ရေး မူဝါဒချမှတ်ပေးခြင်း၊ ကြီးကြပ်ခြင်းတို့ ဆောင်ရွက်ရမည်။

၄။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအတွက် လိုအပ်သည့်အချိန်တွင် နိုင်ငံရပ်ခြားအဖွဲ့အစည်းများနှင့် ဆက်ဆံခြင်း၊ ရန်ပုံငွေထူထောင်ခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာကိစ္စများကို လုပ်ထုံးလုပ်နည်းရေးဆွဲပြဋ္ဌာန်း ဆောင်ရွက်စေရမည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဖွဲ့စည်း

❖ *ရှေ့ဖုံးမှ*

(ဇ) ဦးသန်းဌေး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
(ဈ) ဦးခင်ရီ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
(ည) ဦးဝင်းထွန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
(ဋ) ဦးခင်မောင်စိုး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
(ဌ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ — အဖွဲ့ဝင်
(၁) ဦးလဂျွန်ငန်ဆိုင်း
ဝန်ကြီးချုပ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့
(၂) ဦးခင်မောင်ဦး (ခ) ဦးဘူးရယ်
ဝန်ကြီးချုပ်၊ ကယားပြည်နယ်အစိုးရအဖွဲ့
(၃) ဦးဇော်မင်း
ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့
(၄) ဦးဟုန်းငိုင်း
ဝန်ကြီးချုပ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့
(၅) ဦးသာအေး
ဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
(၆) ဦးမြတ်ကို
ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
(၇) ဦးဉာဏ်ဝင်း
ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၈) ဦးအုန်းမြင့်
ဝန်ကြီးချုပ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့
(၉) ဦးလှမောင်တင်
ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့
(၁၀) ဦးစဝ်အောင်မြတ်
ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့
(ဍ) တပ်မတော်မှ တိုင်းမှူးများ — အဖွဲ့ဝင်
(၁) ဗိုလ်ချုပ်ဇေယျာအောင်
တိုင်းမှူး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်
(၂) ဗိုလ်ချုပ်အောင်ကျော်ဇော
တိုင်းမှူး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်
(၃) ဗိုလ်ချုပ်စိုးထွဋ်
တိုင်းမှူး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်
(၄) ဗိုလ်မှူးချုပ်ထွန်းထွန်းနောင်
တိုင်းမှူး၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်
(၅) ဗိုလ်ချုပ်သန်းထွန်းဦး
တိုင်းမှူး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်
(၆) ဗိုလ်ချုပ်တင်မောင်ဝင်း
တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်
(၇) ဗိုလ်ချုပ်ခင်မောင်ဌေး
တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်
(၈) ဗိုလ်မှူးချုပ်ကိုကိုနိုင်
တိုင်းမှူး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်
(၉) ဗိုလ်ချုပ်စိုးလွင်
တိုင်းမှူး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်
(၁၀) ဗိုလ်မှူးချုပ်ညိုစော
တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်
(ဎ) ဗိုလ်ချုပ်ဇော်ဝင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
(ဏ) ဦးထွန်းထွန်းဦး — အဖွဲ့ဝင်
ဒုတိယရှေ့နေချုပ်
(တ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တိုင်းရင်းသားများ — အဖွဲ့ဝင်
(၁) ဒေါ်ဒွဲဘူ
ကချင်တိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(၂) ဦးစိုးရယ်
ကယားတိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(၃) ဦးစောသိန်းအောင်
ကရင်တိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(၄) ဦးငွန်မောင်း
ချင်းတိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(၅) ဒေါ်မိယဉ်ချမ်း
မွန်တိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(၆) ဦးဘရှိန်
ရခိုင်တိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(၇) ဦးစတီဖန်
ရှမ်းတိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(၈) ဦးလှထွန်း
နာဂတိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(၉) ဦးကျင်ဝမ်း
"ဝ"တိုင်းရင်းသား၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(ထ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တိုင်းရင်းသားများ — အဖွဲ့ဝင်
(၁) ဦးစခုန်တိန့်ယိန်း
ကချင်တိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(၂) ဦးဆန်းရယ်
ကယားတိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(၃) ဦးစောထွန်းမြအောင်
ကရင်တိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(၄) ဦးပေါ်လျံလွင်
ချင်းတိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(၅) ဦးစောအုန်း
မွန်တိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(၆) ဦးအုန်းတင်
ရခိုင်တိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(၇) ဦးစိုင်းကျော်ဇောသန်း
ရှမ်းတိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(၈) ဦးမြတ်ကို
နာဂတိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(၉) ဦးဆိုင်ပေါင်းနပ်
"ဝ"တိုင်းရင်းသား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
(ဒ) ဦးတင်မျိုးကြည် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

၂။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီသည် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည် -

(က) **ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးခြင်း**
(၁) နှစ်ဦးနှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုရပ်ဆိုင်းရေး၊
(၂) နှစ်ဖက်သဘောတူညီမှု ညှိနှိုင်းရရှိထားသည့် သတ်မှတ်နေရာများတွင် နေထိုင်ရေး၊
(၃) သတ်မှတ်နေရာမှအပ အခြားဒေသသို့ လက်နက်ဖြင့် သွားလာခြင်းမပြုရေး၊
(၄) ဆက်ဆံရေးစခန်းကို နှစ်ဖက်သဘောတူသော သင့်လျော်သည့်နေရာ၌ လက်နက်မပါထားရှိရေး၊
(၅) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဆွေးနွေးရန်အတွက် ကိုယ်စားလှယ်အဖွဲ့ တရားဝင်ဖွဲ့စည်းပေးရန်နှင့် ဆွေးနွေးမည့်အချိန်နှင့်နေရာတို့ကို ညှိနှိုင်းရေး။

(ခ) **ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးခြင်း**
(၁) ပြည်ထောင်စုအတွင်း အမြဲအတူတကွ ပူးပေါင်းနေထိုင်ရေး၊
(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို သဘောတူရေး၊
(၃) စီးပွားရေးလုပ်ငန်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ နှစ်ဦးနှစ်ဖက် ပူးတွဲ၍ တရားဝင်ဆောင်ရွက်ရေး၊
(၄) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တိုက်ဖျက်ရေးအား ပူးပေါင်း ဆောင်ရွက်ရေး၊
(၅) ပါတီထူထောင်၍ ရွေးကောက်ပွဲဝင်ရေး၊
(၆) ဖွဲ့စည်းပုံအခြေခံဥပဒေအားလက်ခံရန်နှင့် ပြင်ဆင်လိုသည့်ကိစ္စများရှိက လွှတ်တော်အတွင်း၌ အများသဘောတူဆန္ဒနှင့်အညီ ဆောင်ရွက်ရေး၊
(၇) ထာဝရငြိမ်းချမ်းရေးအတွက် ဥပဒေဘောင်အတွင်းသို့ အပြီးအပိုင်ဝင်ပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ တန်းတူညီတူ နေထိုင်၊ သွားလာ၊ လုပ်ကိုင်၊ စားသောက်ရေး၊
(၈) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တစ်ခုတည်းသော လက်နက်ကိုင်အဖွဲ့အစည်းအဖြစ် အသွင် ကူးပြောင်းရေးကို ညှိနှိုင်းဆောင်ရွက်ရေး။

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရန်ဖြစ်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

✻ ရှေ့ဖုံးမှ

ဦးတင့်ဆန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ် ဒေါက်တာဦးမြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းတို့က တင်းနစ်ကွင်းများ ပြန်လည်ပြင်ဆင်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် ကမာရွတ်မြို့နယ်ရှိ လှည်းတန်းခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းယာယီရှင်းလင်းဆောင်၌ လှည်းတန်းခုံးကျော်တံတားတည်ဆောက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က လှည်းတန်းလမ်းဆုံ၌ ယာဉ်ကြောပိတ်ဆို့မှုအခြေအနေ၊ လှည်းတန်းခုံးကျော်တံတား တည်ဆောက်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများ၊ ပြီးစီးနိုင်မည့် အချိန်ကာလတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ် ဦးအောင်ဇော်နိုင်က ရေနုတ်မြောင်းများ တူးဖော်ပြီးစီးမှု၊ လမ်းတိုးချဲ့ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မြေအောက်လျှပ်စစ်ဓာတ်ကြိုး၊ ဆက်သွယ်ရေးကြိုး၊ ရေပိုက်လိုင်းများ တူးဖော်ပြောင်းရွှေ့ခြင်းလုပ်ငန်းပြီးစီးမှု၊ ရေမြောင်းသစ်ဖောက်လုပ်ပြီးစီးမှုနှင့် လမ်းတိုးချဲ့ခြင်းလုပ်ငန်းများပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရွှေဂုံတိုင်လမ်းဆုံ၊ တာမွေလမ်းဆုံနှင့် ဘုရင့်နောင်လမ်းဆုံတိုးချဲ့ခြင်းလုပ်ငန်းများ၊ ယာဉ်ပိတ်ဆို့မှု လျှော့ချရေးဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ကျုံးကြီးလမ်းထောင့်ရှိ အမျိုးသားကြက်တောင်အားကစားခန်းမ ပထမထပ်နှင့် ဒုတိယထပ်များရှိ ကြက်တောင်ကွင်းများ အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သဃ်န်းကျွန်းမြို့နယ်ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ အားကစားကွင်းတိုးချဲ့တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်စပ်ဆောင်ရွက်

ထို့နောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက အစိုးရသစ်လက်ထက်တွင် ယင်းစီမံကိန်းများကို ပြည့်စုံကောင်းမွန်စွာဖြင့် ပြီးစီးအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်မြို့သည် စီးပွားရေးမြို့ဖြစ်သဖြင့် သန့်သန့်ရှင်းရှင်းဖြင့် သွားလာရေးအဆင်ပြေအောင် ဆောင်ရွက်ရန်လိုကြောင်း၊ မော်တော်ယာဉ်များ တဖြည်းဖြည်းများပြားလာပြီး ယာဉ်ပိတ်ဆို့မှုများဖြစ်နိုင်သဖြင့် ယင်းခုံးကျော်တံတားစီမံကိန်းကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ပြီးစီးအောင် ဆောင်ရွက်သွားကြရန်၊ ရန်ကုန်မြို့တစ်ခုလုံး လွှမ်းခြုံနိုင်မည့် Master Plan ပါသော လမ်းကွန်ရက်စနစ်ဖြင့် ဆက်စပ်ဆောင်ရွက်ကြရန်နှင့် ပြီးစီးနိုင်မည့် အချိန်ခန့်မှန်းကာလကိုလည်း ပြည်သူများ သိရှိနိုင်အောင် အသိပေးသွားစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် လမ်းတိုးချဲ့ခြင်းလုပ်ငန်းပြီးစီးမှု၊ ယာဉ်သွားလမ်း(၂)လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် နိုင်လွန်ကတ္တရာခင်းကျင်းပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

လှည်းတန်းခုံးကျော်တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်တို့ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တံတားအမျိုးအစားမှာ သံမဏိရက်မနှင့် သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ လျာထားခုံးကျော်တံတားအရှည်မှာ ၂၅၀၇ ပေဖြစ်သည်။တံတားအပေါ်ထည်မှာ သံမဏိရက်မနှင့် သံကူကွန်ကရစ် ကြမ်းခင်းလက်ရန်းဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၄၄ ပေ ၈ လက်မ၊ လူသွားလမ်းအကျယ် (တစ်ဖက်လျှင်) သုံးပေစီ၊ တံတားအကျယ် ပေ ၅၀ နှင့် ၈ လက်မ၊ တံတားအောက်ကင်းလွတ်အမြင့် ၁၈ ပေ၊ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် တန် ၆၀ ဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ကျုံးကြီးလမ်းထောင့်ရှိ အမျိုးသားကြက်တောင်အားကစားခန်းမသို့ရောက်ရှိပြီး ဧည့်ခန်းမ၌ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက ကြက်တောင်အားကစားကွင်းများအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် အားကစားခန်းမ ပထမထပ်နှင့် ဒုတိယထပ်များရှိ ကြက်တောင်ကွင်းများအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ညနေ ၃ နာရီ ၁၀ မိနစ်တွင် သဃ်န်းကျွန်းမြို့နယ်ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)သို့ရောက်ရှိရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အဖွဲ့ဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ U-13 အမျိုးသမီးလက်ရွေးစင် ဘောလုံးအားကစားသမားများ၊ U-14 အမျိုးသားလက်ရွေးစင်ဘောလုံးအားကစားသမားများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဘောလုံးကွင်း မြက်ခင်းပြုပြင်ထားမှုအခြေအနေ၊ ပွဲကြည့်စင် တိုးချဲ့တည်ဆောက်ခြင်းပြီးစီးမှုအခြေအနေ၊ ပွဲကြည့်စင်အမိုးဒိုင်း စတင်ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် အားကစားကွင်းတိုးချဲ့တည်ဆောက်ပြီးစီးမှု၊ အားကစားသမားများ လေ့ကျင့်နေမှုနှင့် ပွဲကြည့်စင်များ၌ တပ်ဆင်မည့်ထိုင်ခုံများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်
Beech-1900D လေယာဉ်ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်သည် ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး (ပူးတွဲ) ဦးသန်းထွန်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းနှင့် စက်မှုလက်မှုဌာနမှ တာဝန်ရှိသူများနှင့်အတူ တောင်အာဖရိကနိုင်ငံမှ ဝယ်ယူထားသော ဒုတိယလေယာဉ် Beech-1900D ကို ကြည့်ရှုစစ်ဆေးသည်။

စီမံဆောင်ရွက်

ထို့နောက် လေယာဉ်မှူးနှင့် အင်ဂျင်နီယာများအားတွေ့ဆုံ၍ ရောက်ရှိနေသောလေယာဉ်၏ Charter ခရီးစဉ်များ ဆောင်ရွက်နိုင်မှုအခြေအနေ၊ ယခုဒုတိယလေယာဉ်တွင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းတာဝန်တစ်ခုဖြစ်သည့် လေယာဉ်ပြေးလမ်းများ တွင်တပ်ဆင်ထားရှိသော လေကြောင်းလမ်းညွှန်စက်များ၊လေယာဉ်ဆင်းသက်ရာတွင် အထောက်အကူပြုစက်များ မှန်ကန်မှုရှိနေစေရန်၊ ဝယ်ယူပြီးသော ခေတ်မီအီလက်ထရွန်နစ်စက်များတပ်ဆင်၍ ပျံသန်းစစ်ဆေးနိုင်ရန်၊ ကျွမ်းကျင်နိုင်ငံခြားပညာရှင်များနှင့် စနစ်တကျ စီမံဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဘက်စုံသုံး Beech-1900D လေယာဉ်နှစ်စင်းကို နိုင်ငံတော်၏ အရေးကြီးလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအပြင် နိုင်ငံခြား ဝင်ငွေရရှိနိုင်သည့် ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်းများနှင့် ဒေသအတွင်း ပျံသန်းနိုင်ရေးအတွက် ရည်ရွယ်ထားရှိပြင်ဆင်နိုင်ရန်၊ ထို့အပြင် ခရီးသည်များအား သယ်ဆောင်ပေးရသည့် လေယာဉ်များအား လုံခြုံစိတ်ချစွာ ပျံသန်းနိုင်ရေးအတွက် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာပေးဟောပြော

မူဆယ်ခရိုင် မူဆယ်မြို့နယ်သစ်တောဦးစီးဌာန၏ တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို မေ ၁၅ ရက်က နမ့်အွမ်ကျေးရွာအုပ်စု ဆိုက်ခေါင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဝင်း ပညာပေးဟောပြောစဉ်။ (မြို့နယ်သစ်တော)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဟောပြောဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မေ ၁၈

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းကကြီးမှူး၍ "မြန်မာအမျိုးသမီးတို့နှင့် တိုင်းပြည်စီးပွားရေးကဏ္ဍ" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇွန် ၁ ရက်တွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းတည်ထောင်သူ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲရေးဌာနမှ အငြိမ်းစားပါမောက္ခဒေါ်ရီရီမြင့်က ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အငြိမ်းစားဆရာ ဆရာမကြီးများနှင့် လူမှုရေး၊ စီးပွားရေးနယ်ပယ်အသီးသီးမှ ပညာရှင်ကြီးများက ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။ စိတ်ဝင်စားသူများသည် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းရုံး MWEA Tower အခန်း(၄၀၁) ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၉၃၇၆၊ ၂၅၄၄၀၀တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုဖွားသွေးချင်းများ
တားဆီးကာကွယ် မီးရန်စွယ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China NGO Network for International Exchange (CNIE) မှ အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China NGO Network for International Exchange (CNIE)မှ အတွင်းရေးမှူးချုပ် Mr. You Jianhua ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံး ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၌ ပါဝင်ကူညီဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China NGO Network for International Exchange (CNIE) မှ အတွင်းရေးမှူးချုပ် Mr. You Jianhua နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား အမေရိကန်ဧည့်သည်တွေ့ဆုံ

နေပြည်တော် မေ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား အမေရိကန်ကုန်သည်ကြီးများအသင်း (US Chamber of Commerce)၏ အာရှရေးရာဒုတိယဥက္ကဋ္ဌ Ms. Tami Overby နှင့် အရှေ့တောင်အာရှရေးရာ ညွှန်ကြားရေးမှူး Mr. John Goyer တို့သည် မေ ၁၇ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံပွဲသို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လိုသည့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ပန္နက်တင်မင်္ဂလာအခမ်းအနား တက်ရောက်

နေပြည်တော် မေ ၁၈

မေ ၁၇ ရက် နံနက် ၈ နာရီတွင် ပုသိမ်မြို့ ကင်မလင်းကျွန်း အဝေးပြေးခရီးသည်တင်ယာဉ်ရပ်နားစခန်း အဆင့်မြှင့်တင်ဆောက်လုပ်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ရတနာပန္နက်ကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ပြည့်ဝခိုင်မာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်တို့က သတ်မှတ်နေရာအသီးသီးရှိ မင်္ဂလာပန္နက်များကိုလည်းကောင်း ပန္နက်တင်ပေးခဲ့ကြသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးကျော်လွင် သင်တန်းဆင်းပွဲတက်ရောက်

ရန်ကုန် မေ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် ယနေ့ နံနက် ၈ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၌ ကျင်းပသည့် လျှပ်စစ်၊ စက်မှု (လေညှိစက်/ဓာတ်လှေကား) ကျွမ်းကျင် (၅) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** စာသင်ဆောင်များနှင့် သင်ကြားမှုအထောက်အကူပြုပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၈ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကြောင်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် မေ ၁၈

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PVEP OVERSEAS Co., Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-2 တွင် Geophysical နှင့် Geotechnical Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV. DAYANG SARI နှင့် MV.VOLANS တို့ဖြင့် မေ ၂၄ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

Geophysical နှင့် Geotechnical Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ Block M-2 (SURVEY AREA) Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၅ မိနစ် ၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၃ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉ မိနစ်နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၁ မိနစ်အတွင်းတွင် ဖြစ်သည်။

မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-2 တွင် Geophysical နှင့် Geotechnical Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို လပွတ္တာရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ မှ UHF စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်

နေပြည်တော် မေ ၁၈

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လပွတ္တာရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြား (MRTV) အစီအစဉ်များကို လွှင့်အား 1 KW (VHF စနစ် Channel-5) ဖြင့် ထုတ်လွှင့်လျက်ရှိပြီး ပြည်သူများ အရည်အသွေး ပိုမိုကောင်းမွန်စွာနှင့် လွှင့်အားပျံ့နှံ့မှု (Coverage) ပိုမို ဖမ်းယူနိုင်စေရန် မေ ၈ ရက်မှစ၍ လွှင့်အား 3 KW (UHF စနစ် Channel J-13) ဖြင့် ပြောင်း၍ ထုတ်လွှင့်လျက်ရှိသည်။ 3 KW UHF စနစ်ဖြင့် ထုတ်လွှင့်မှုကို လပွတ္တာ၊ ငပုတော၊ ပြင်စလူနှင့် မြောင်းမြမြို့နယ်များရှိ ကျေးရွာများမှ ကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်သည်။

လပွတ္တာရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ယခင်ထုတ်လွှင့်သည့် VHF စနစ် Channel-5 နှင့် ယခုထုတ်လွှင့်သည့် UHF စနစ် Channel J-13 တို့ကို မေ ၃၁ ရက်ထိ အပြိုင်ထုတ်လွှင့်ပေးမည်ဖြစ်ပြီး ဇွန် ၁ ရက်မှစ၍ 3 KW UHF (Channel J-13) လွှင့်စက်တစ်လုံးတည်းဖြင့် ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်းနှင့် ဇွန် ၁ ရက်မှစ၍ UHF Antenna များဖြင့်သာ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

ရုရှားစစ်ဘက်ဆိုင်ရာ ဂြိုဟ်တုလွှတ်တင်

မော်စကို မေ ၁၈

ရုရှားနိုင်ငံက ကော့မို့စ်အမည်ရှိ စစ်ဘက်ဂြိုဟ်တုတစ်လုံးကို မေ ၁၇ ရက်က လွှတ်တင်လိုက်ကြောင်း ရုရှားအာကာသရေးရာအရာရှိများက မေ ၁၈ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပါဂြိုဟ်တုကို ရုရှားနိုင်ငံမြောက်ပိုင်း ပလီဆက်အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ယင်းနေ့ မော်စကိုစံတော်ချိန် ၁၈ နာရီ ၁၃ မိနစ်က လွှတ်တင်လိုက်ခြင်းဖြစ်သည်။ ၎င်းဂြိုဟ်တုကို ဆိုယုဇ်-ယူ ဒုံးပျံက ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ သယ်ဆောင်သွားသည်။ **(ယာပုံ)**

ယင်းဂြိုဟ်တုသည် သတင်းဆက်သွယ်ရေးလုပ်ငန်းများပိုမိုလျင်မြန် သွက်လက်လာစေရန်အတွက်ဖြစ်သည်။

ရုရှားနိုင်ငံသည် ဆိုယုဇ်-ယူ အမျိုးအစားဒုံးပျံကို နောက်ဆုံးအကြိမ်အဖြစ် လွှတ်တင်ခြင်းဖြစ်ပြီး နောက်ပိုင်း၌ မျိုးဆက်သစ်ဂြိုဟ်တုများဖြင့် အစားထိုးလွှတ်တင်ရန် စီစဉ်ထားသည်။ ရုရှားနိုင်ငံသည် ဆိုယုဇ်-ယူအမျိုးအစား ဒုံးပျံများကို ၁၉၇၃ ခုနှစ် မေလ မှစတင်ကာ လွှတ်တင်ခဲ့ခြင်းဖြစ်ရာ နောက်ပိုင်းတွင် ဆိုယုဇ်-၂ နှင့် အင်ဂါရာ-အေ ၃ အမျိုးအစားဒုံးပျံများဖြင့် အစားထိုးလွှတ်တင်မည်ဖြစ်သည်။ **(အင်တာနက်)**

ဟွန်ဒါမော်တော်ကားများ ဈေးကွက်မှပြန်ရုပ်သိမ်း

ချီကာဂို မေ ၁၈

ဂျပန်နိုင်ငံ ဟွန်ဒါမော်တော်ကားကုမ္ပဏီမှ ထုတ်လုပ်ထားပြီး အမေရိကန်ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချထားသော ဟွန်ဒါမော်တော်ကားအစီးရေ ၅၂၆၁၅ ကို ဈေးကွက်မှပြန်လည်သိမ်းဆည်းမည်ဖြစ်ကြောင်း မေ ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါကားများမှာ ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်အတွင်း ထုတ်လုပ်ခဲ့သည့် အက်ကွာအမျိုးအစား ဟွန်ဒါကားများဖြစ်ပြီး ပါဝါစတီယာရင်ချွတ်ယွင်းမှုများ ဖြစ်ပေါ်နေသဖြင့် ဈေးကွက်မှပြန်လည်သိမ်းဆည်းသွားမည်ဖြစ်သည်။ **(ဝဲပုံ)**

သိမ်းဆည်း

ထိုသို့ ပါဝါစတီယာရင်ချွတ်ယွင်းမှုအပြင် မီးခိုးများအဆမတန်ထွက်ရှိမှုနှင့် မတော်တဆမီးလောင်မှုများ ဖြစ်ပွားနိုင်ခြင်းကြောင့် လာမည့်ဇွန်လလယ်မှစတင်ကာ ၎င်းဟွန်ဒါကားများကို ပြန်လည်သိမ်းဆည်းခြင်းဖြစ်သည်။

ထို့အပြင်ဟွန်ဒါကုမ္ပဏီမှ ၂၀၀၈ ခုနှစ်ထုတ် တီအယ်လ်အက်စ်အမျိုးအစား ဟွန်ဒါကား ၂၇၃၀၀၀ကိုလည်း အဆိုပါပြဿနာများကြောင့် ပြန်လည်သိမ်းဆည်းမည်ဖြစ်ရာ တစ်ကမ္ဘာလုံးအတွက် ဟွန်ဒါကားအစီးရေအများအပြား ပြန်သိမ်းဆည်းရမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် - စုစည်းသည်

လက်နှစ်ဖက်ပြတ်နေသည့် ပြင်သစ်နိုင်ငံသား ပါပူဝါနယူးဂီနီမှ အင်ဒိုနီးရှားသို့ရေကူး

ပါရီ မေ ၁၈

မတော်တဆဖြစ်ရပ်တစ်ခုကြောင့် လက်နှစ်ဖက်စလုံး တံတောင်ဆစ်နားမှ ပြတ်တောက်နေသည့် ပြင်သစ်နိုင်ငံသားတစ်ဦးက ပါပူဝါနယူးဂီနီကျွန်းမှ အင်ဒိုနီးရှားနိုင်ငံသို့ ရေလမ်းခရီးအတိုင်း ရေကူးဖြတ်သန်းနိုင်ခဲ့ကြောင်း မေ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖိလစ်ပီခရွိုင်ဇန်အမည်ရှိ ပြင်သစ်နိုင်ငံသားသည် ၎င်းနှင့်အတူ ခရီးဝေးရေကူးသမား အာနပ်ချက်စီရီ၊ ပါပူဝါနယူးဂီနီနိုင်ငံသား ရေကူးသမားတို့နှင့်အတူ ရေကူးဖြတ်သန်းခဲ့ခြင်းဖြစ်သည်။

*ခရွိုင်ဇန်သည် ပြတ်နေသည့်လက်နှစ်ဖက်နေရာတွင် ရေယက်များပါရှိသော လက်တုနှစ်ဖက်တပ်ဆင်ကာ ရေလမ်းခရီးအရှည် ၁၂ မိုင်ကို ခုနစ်နာရီခွဲခန့်ကြာမျှ ဇွဲလုံ့လကြီးစွာဖြင့် ရေကူးခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)***

ရေလမ်းခရီးကို ရေကူးဖြတ်သန်းနေစဉ် ငါးမန်းနှင့် အခြားအန္တရာယ်ပြုနိုင်သော ငါးများရောက်မလာခဲ့ကြောင်း၊ မိမိအား ပါပူဝါနယူးဂီနီနိုင်ငံသား ရေကူးသမား ဇက်တမ်ပါနှင့် အာနပ်ချက်စီရီတို့က အတူရေကူးလိုက်ပါကာ ဝိုင်းဝန်းစောင့်ရှောက်ပေးခဲ့ကြောင်း လက်နှစ်ဖက်ပြတ်ရေကူးသမား ခရွိုင်ဇန်က ပြောကြားသည်။

ထိုသို့ ရေကူးပြီး အင်ဒိုနီးရှားနိုင်ငံသို့ ဝင်ရောက်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံ၏ ခွင့်ပြုချက်ကိုစောင့်ဆိုင်းနေခဲ့ရာ ပြီးခဲ့သည့် မေ ၁၆ ရက်က ခွင့်ပြုချက်ရရှိပြီး ရေကူးခဲ့ကြခြင်းဖြစ်သည်။

*မစ္စတာခရွိုင်ဇန်သည် ၁၉၉၄ ခုနှစ်က အိမ်ခေါင်မိုးပေါ်တွင် ရုပ်မြင်သံကြားအင်တင်နာတိုင် တက်ရောက်တပ်ဆင်စဉ် ဗို့အား ၂၀၀၀၀ ရှိသော ဓာတ်အားကြိုးနှင့်တိုက်မိပြီးနောက် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ရာမှ လက်နှစ်ဖက်စလုံး ဖြတ်တောက်ခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)***

နိုင်ငံတကာသတင်းအတိုအထွာ ၁၈-၅-၂၀၁၂

တင်မောင်လွင် - စုစည်းသည်

ကနေဒါနိုင်ငံသားတစ်ဦး ၁ ဒသမ ၇ ကရက်ရှိ စိန်ပွင့်တစ်ပွင့် ဗိုက်အတွင်းမျိုချခဲ့

အမေရိကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိ စိန်ပွင့်တစ်ပွင့်ကို မျိုချခဲ့သည်ဟု ယူဆရသူ အမျိုးသားတစ်ဦးအား စစ်ဆေးမှုစနစ်များပြီးဆုံးသည့်တိုင်အောင် ကနေဒါနိုင်ငံဝမ်ဆာမြို့၌ ထိန်းသိမ်းချုပ်နှောင်ထားလျက်ရှိကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က မေ ၁၇ ရက်တွင် ပြောကြားသည်။

ရစ်ချက်မက်သရူးအမည်ရှိ အဆိုပါအမျိုးသားသည် စိန်ပွင့်အတုတစ်လုံးနှင့် လဲလှယ်ကာ စိန်အစစ်တစ်ခုကို မျိုချခဲ့သည်ဟု ဆိုသည်။ ယင်းစိန်ပွင့်မျိုချမှုမှာ ပြီးခဲ့သည့်တစ်ပတ်အတွင်းကဖြစ်ကြောင်း၊ သို့သော်လည်း အိမ်သာခန်းသို့ အကြိမ်ကြိမ်သွားခဲ့သော်လည်း ယင်းစိန်ပွင့်ကို မတွေ့ရှိရဟုဆိုသည်။ အသက် ၅၂ နှစ်အရွယ်ရှိ ယင်းအမျိုးသားကို ကနဦးက အမျှင်ဓာတ်ကြွယ်ဝသည့် အစားအစာများ ကျွေးခဲ့ကြောင်း၊ သို့သော်လည်း ယခုအချိန်တွင် စိန်ပွင့်ကို အမြန်ရရှိစေရန်အတွက် မည်သည့်အစားအစာကိုမဆို စားသောက်နေကြောင်း ရဲတပ်ကြပ်ကြီး ဘရက်ကာရီက ပြောကြားခဲ့သည်။

*ရစ်ချက်မက်သရူး၏အူအတွင်း ဓာတ်မှန်ရိုက် စစ်ဆေးချက်အရ ကုဗပုံစိန်ပွင့်ကို တွေ့ရှိခဲ့ကြောင်း၊ အလင်းရောင်ထိုးဖောက်နိုင်သော စိန်အစစ်၏ အရည်အသွေးမှာ ကွန်ပျူတာဖန်သားပြင်တွင် မမြင်တွေ့နိုင်ဟုဆိုသည်။ မက်သရူးသည် အလေးချိန် ၁ ဒသမ ၇ ကရက်ရှိ အဆိုပါစိန်ပွင့် **(အပေါ်ပုံ)**ကို ကနေဒါနိုင်ငံ အွန်တာရီယိုပြည်နယ်ရှိ စိန်အချောထည်လုပ်ငန်းတစ်ခုမှ ရယူခဲ့ခြင်းဖြစ်ပြီး ၎င်းသည် ခိုးမှု၊ တရားဥပဒေချိုးဖောက်မှုများဖြင့် တရားစွဲခံထားရပြီး ဖမ်းဝရမ်းဖြင့် အလိုရှိနေသူတစ်ဦးလည်းဖြစ်သည်။*

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ကိုလံဘီယာနိုင်ငံ မြို့တော်ဘိုဂိုတာ၌ လူစည်ကားသည့် အရောင်းအဝယ်ရပ်ကွက်တစ်ခုတွင် မေ ၁၅ ရက်က အစိုးရအရာရှိတစ်ဦးအားပစ်မှတ်ထား၍ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားသဖြင့် နှစ်ဦးသေဆုံးပြီး ဒါဇင်နှင့်ချီ၍ ဒဏ်ရာရရှိသွားကြောင်း မေ ၁၆ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုကို မိမိတို့ပြစ်တင်ရှုတ်ချကြောင်း၊ တရားခံကို အမြန်ဆုံး ဖော်ထုတ်အရေးယူမည်ဖြစ်ကြောင်း ကိုလံဘီယာလက်ယာဖက်သမ္မတဂျူအန်မန်ညူယယ်ဆန်တော့က ယင်းနေ့ညတွင် ပြောကြားသည်။ ဤတိုက်ခိုက်မှုမှာ ကိုလံဘီယာပြည်ထဲရေးဝန်ကြီးဟောင်း ဖာနန်ဒိုလန်ဒိုနိုကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ကံမကောင်းစွာဖြင့် သူ၏ယာဉ်မောင်းနှင့် ရဲအရာရှိတစ်ဦးထိမှန်သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သမ္မတဂျူအန်မန်ညူယယ်ဆန်တော့က ဆက်လက်ပြောကြားခဲ့သည်။ *(အင်တာနက်)*

နိုင်ငံတကာသတင်းများ

ယီမင်မှ အယ်လ်ခိုင်ဒါအဖွဲ့ဝင်နှစ်ဦး အမေရိကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံး

အေဒင် မေ ၁၈

ယီမင်နိုင်ငံအရှေ့တောင်ပိုင်း ဟာဒရာမောစ်ပြည်နယ်အတွင်း ယီမင်အခြေစိုက်အယ်လ်ခိုင်ဒါအဖွဲ့ခွဲဝင်များစီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီးကို အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်း **(အပေါ်ပုံ)**က ဒုံးကျည်ဖြင့်ပစ်သဖြင့် အယ်လ်ခိုင်ဒါအဖွဲ့ဝင်နှစ်ဦးသေဆုံးကြောင်း ယီမင်လုံခြုံရေးအရာရှိတစ်ဦးက မေ ၁၇ ရက်တွင် ပြောကြားသည်။

အမေရိကန်မောင်းသူမဲ့လေယာဉ်က ဟာဒရာမော့စ်ချိုင့်ဝှမ်း ရှီဘမ်ဒေသအနီးရှိ လမ်းမကြီးပေါ်တွင် မောင်းနှင်နေသည့်အဆိုပါမော်တော်ယာဉ်ကို မေ ၁၆ ရက် ညက ဒုံးကျည်ဖြင့်နှစ်ကြိမ်ပစ်ခတ်ခဲ့ကြောင်း အမည်မဖော်လိုသည့်ဒေသလုံခြုံရေးအရာရှိက ပြောကြားသည်။ သေဆုံးသွားသည့်အယ်လ်ခိုင်ဒါအဖွဲ့ဝင်နှစ်ဦးမှာ ယီမင်နိုင်ငံတွင်း အကြမ်းဖက်မှုများကြောင့် အလိုရှိနေသူများဖြစ်ကြကြောင်း သိရသည်။ **(အင်တာနက်)**

တောင်ကိုရီးယားနိုင်ငံ ကမ္ဘာမြေလေ့လာရေးဂြိုဟ်တု ဂျပန်နိုင်ငံလွှတ်တင်

ဆိုးလ် မေ ၁၈

တောင်ကိုရီးယားနိုင်ငံ၏ ကမ္ဘာမြေလေ့လာရေးအတွက် ဂြိုဟ်တုတစ်လုံးကို ဂျပန်နိုင်ငံအာကာသစခန်းမှ ယနေ့နံနက်တွင် အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ပြီဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက ကြေညာသည်။

ဂျပန်နိုင်ငံအနောက်ပိုင်း တာနီဂါရှီးမားကျွန်းရှိ အာကာသစခန်းမှ တောင်ကိုရီးယား အရီရန်-၃ ဂြိုဟ်တုကို မေ ၁၈ ရက် နံနက် ၁ နာရီ ၃၉ မိနစ်က H-II A ဒုံးပျံပေါ်တင်ဆောင်၍ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း ပညာရေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ကမ္ဘာမြေမျက်နှာပြင်၏ အသေးစိတ်ဓာတ်ပုံများကို ရိုက်ယူပြီး မြေပြင်သို့ ပြန်ပို့ရန်အတွက် ယင်းဂြိုဟ်တုသည် လာမည့် လေးနှစ်အတွင်း အမြင့် ၆၈၅ ကီလိုမီတာတွင် ကမ္ဘာပတ်လမ်းအတွင်း ဝန်းပတ်ပျံသန်းနေမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ပါလက်စတိုင်းလုပ် အဝတ်အထည်များ ငါးနှစ်အတွင်း ပထမအကြိမ်တင်ပို့ရောင်းချ

ဂါဇာစီးတီး မေ ၁၈

ငါးနှစ်ကြာ အစ္စရေးပိတ်ပင်တားမြစ်မှုအပြီးတွင် ဂါဇာကမ်းမြောင်မှ ပါလက်စတိုင်းလုပ် အဝတ်အထည်များ ပြည်ပသို့ ပထမဆုံးအကြိမ် တင်ပို့လိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်ဟု အရာရှိတစ်ဦးက ပြောကြားသည်။

ပါလက်စတိုင်းနယ်မြေတောင်ပိုင်းမှ အစ္စရေးတို့ထိန်းချုပ်ထားသည့် ကာရင်ရှာဂိတ်ကိုဖြတ်လျက် သိုးမွေးထည်များ အများစုပါဝင်သည့် အဝတ်အထည်များကို ထရပ်ကားဖြင့် တင်ပို့ကြောင်းသိရသည်။ **(ယာပုံ)**

အဆိုပါကုန်စည်များကို ဗြိတိန်နိုင်ငံသို့ တင်ပို့ရန်အတွက် အစ္စရေးပင်လယ်ဆိပ်ကမ်းသို့ ပို့မည်ဖြစ်ကြောင်း သိရသည်။ နောက်တစ်ကြိမ် ကုန်စည်တင်ပို့ရောင်းချရေးအတွက် ရက်အတိအကျမသိရသေးဟုဆိုသည်။ **(အင်တာနက်)**

ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအားတွေ့ဆုံ

နေပြည်တော် မေ ၁၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mr. Hideo WATANABE ဦးဆောင်သောအဖွဲ့သည် ယနေ့ ညနေ ၃ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာနဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့ ညှိနှိုင်းဆွေးနွေးခဲ့ကြသည့် သတင်းအချက်အလက်နှင့်နည်းပညာကဏ္ဍဆိုင်ရာ မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့်နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် လေ့ကျင့်သင်တန်းပေးမှုစသည့်ကိစ္စရပ်များ ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် အင်တာနက်မြန်နှုန်းမြှင့်တင်ရေးကိစ္စများ၊ ရန်ကုန်-နေပြည်တော်-မန္တလေး ဖိုက်ဘာဆက်သွယ်မှု အဆင့်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ နိုင်ငံတကာဆက်သွယ်မှုဆက်ကြောင်းကို SE- ME- WE -3 ဖိုက်ဘာကေဘယ် ဆက်ကြောင်းတစ်ခုတည်းသာမကဘဲ အခြားဖိုက်ဘာကေဘယ်ဆက်ကြောင်းတစ်ခု တည်ဆောက်နိုင်ရေးနှင့်စပ်လျဉ်းသည့်ကိစ္စများနှင့် သတင်းအချက်အလက် နည်းပညာများ လေ့ကျင့်သင်ကြားပေးနိုင်ရေးကိစ္စများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘဒ္ဒိလှ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်နှင့် ဌာနကြီးမှူးများ၊ အင်ဂျင်နီယာချုပ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ထိုင်း အလုပ်သမားရေးရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၈

(၁၁)ကြိမ်မြောက် မြန်မာ-ထိုင်း အလုပ်သမားရေးရာ ညှိနှိုင်းအစည်းအဝေးကို ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ ရွှေနန်းတော်ဟိုတယ်၌ မေ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံဘက်မှ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း ခေါင်းဆောင်၍ ရွှေ့ပြောင်းအလုပ်သမားရေးရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် စုစုပေါင်း ၁၈ ဦး၊ ထိုင်းနိုင်ငံဘက်မှ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး Mr. Phadermchai Sasomsub ခေါင်းဆောင်သော ကိုယ်စားလှယ် ၃၁ ဦး တက်ရောက်ခဲ့ကြသည်။

လက်မှတ်ရေးထိုး

အစည်းအဝေးတွင် ထိုင်းနိုင်ငံ၌ ရောက်ရှိ အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများအတွက် အထောက်အထားများ ထုတ်ပေးရေးနှင့် ကောက်ခံငွေများ အနည်းဆုံးလျှော့ချနိုင်ရေး ကြိုးကြပ်ဆောင်ရွက်သွားရန်ကိစ္စ၊ မြန်မာအလုပ်သမားများအား အကာအကွယ်ပေးရေးကိစ္စ၊ အလုပ်သမားအသစ်များ စေလွှတ်ရေးကိစ္စ၊ မြန်မာအလုပ်သမားများ၏သားသမီးများအတွက် အထောက်အထားများထုတ်ပေးရေးနှင့် ပညာသင်ကြားရေးကိစ္စစသည်တို့ကို အဓိကထား ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ညှိနှိုင်းရရှိချက်များအပေါ် နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၁)ကြိမ်မြောက် မြန်မာ-ထိုင်း အလုပ်သမားရေးရာ ညှိနှိုင်းအစည်းအဝေးတွင် ညှိနှိုင်းရရှိချက်များအပေါ် နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း မီးလောင်မှုသတင်း

စမ်းချောင်း ရှမ်းလမ်းဈေး မီးလောင်

ရန်ကုန် မေ ၁၈

မေ ၁၈ ရက် နံနက် ၁ နာရီခန့်က စမ်းချောင်းမြို့နယ် ကျွန်းတောမြောက်ရပ်ကွက် ဗဟိုလမ်းနှင့် မကြီးကြီးလမ်းထောင့်ရှိ ဂွဈေး (ရှမ်းလမ်းဈေး) မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)** ဈေးအတွင်းရှိ ကုန်စုံဆိုင်တစ်ဆိုင်၏ လျှပ်စစ်ဝိုင်ယာကြိုး ရှော့ခ်ဖြစ်ပြီး မီးစတင်လောင်ကျွမ်းကြောင်း သိရသည်။

မီးလောင်ရာသို့ မီးသတ်ယာဉ် ၃၈ စီး၊ အုပ်ချုပ်မှုယာဉ် ကိုးစီး၊ အထောက်အကူပြုယာဉ်ခြောက်စီးနှင့် စက်မှုဆေးဝါးနှင့် မြို့တော်စည်ပင်မှ အထောက်အကူပြုယာဉ်နှစ်စီးတို့ရောက်ရှိလာကြပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၂ နာရီခန့်တွင် မီးညွန့်ကျိုးသွားသည်။

မီးလောင်မှုကြောင့် ဈေးအတွင်း ဆိုင်ခန်းပေါင်း ၂၃၃ ခန်း မီးသင့်ခဲ့ကြောင်း သိရှိရသည်။ (ဝ၄၂)

သဃ်န်းကျွန်း သံသုမာလမ်း၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၄) ရပ်ကွက် သံသုမာလမ်း၌ ယနေ့ညနေပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၄) ရပ်ကွက် သံသုမာလမ်းရှိ ပထမထပ် တိုက်ခန်းတစ်ခန်းတွင် ဖယောင်းတိုင်လုပ်ငန်းမှ ဖယောင်းတိုင်အိတ်ပိတ်စက် အပူရှိန်လွန်ကဲပြီး ညနေ ၃ နာရီ ၅ မိနစ်ခန့်မှ စတင်၍ လောင်ကျွမ်းခဲ့ရာ မီးလောင်ရာသို့ အုပ်ချုပ်မှုယာဉ် ခုနစ်စီး၊ ရေသယ်ယာဉ် ခုနစ်စီး၊ မီးသတ်ယာဉ် ၃၅ စီးတို့ဖြင့် ငြိမ်းသတ်ခဲ့သဖြင့် များမကြာမီ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (ဝ၂၅)

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် 33rd Asia Pacific Junior Golf Championship 2012 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကလပ် (Pun Hlaing Golf Club) ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူးဦးတင်ဝင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် အမှုဆောင်များ၊ ပန်းလှိုင်ဂေါက်ကလပ်မှ တာဝန်ရှိသူများ၊ 33rd Asia Pacific Junior Golf Championship 2012 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲဝင် လူငယ်အသင်း၊ အသင်းအုပ်ချုပ်နည်းပြများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ပြိုင်ပွဲဝင်လူငယ်ဂေါက်သီးရိုက်အသင်းများဖြစ်ကြသော ဟောင်ကောင်၊ အိန္ဒိယ၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ထိုင်းတို့သည် သတ်မှတ်နေရာ၌ နေရာယူကြပြီးနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး 33rd Asia Pacific Junior Golf Championship 2012 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်လူငယ်ဂေါက်သီးရိုက်အသင်းများ၊ ကြွရောက်ကြည့်ရှုအားပေးကြသော ဧည့်ပရိသတ်များအား မြန်မာ့ရိုးရာတေးသီချင်းအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

အဆိုပါပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိသော လူငယ်ဂေါက်သီးရိုက်အားကစားသမားများ စိတ်ဓာတ်တက်တက်ကြွကြွနှင့် စိတ်ချမ်းမြေ့စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးကို ရည်ရွယ်လျက် Co-sponsors များဖြစ်ကြသော Pun Hlaing Golf Club, Higer Bus(Myanmar), Elite Express, Srixon, Alpine (Purified Drinking Water) တို့က ကူညီပံ့ပိုးကြပြီး Event Management အဖြစ် Han Golf Masters Pte., Ltd. က လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကျော့ဖုံးမှ

အမည်ရတဲ့ သီချင်းတွေနဲ့ အကောင်းဆုံးသီချင်းရေးဆရာဆု ဆွတ်ခူးနိုင်မယ်လို့ ရေပန်းစားခဲ့သူပါ။ ဒါပေမယ့် သူမဟာ Rolling in the Deep နဲ့ပဲ သီချင်းရေးဆရာဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီသီချင်းဟာ လန်ဒန်မြောက်ပိုင်းအဆိုတော် အဒေလီကို ကမ္ဘာကျော်ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်အောင်လုပ်ပေးနိုင်ခဲ့တဲ့ သီချင်းပဲဖြစ်ပါတယ်။ သူမရဲ့ ဒုတိယမြောက် အယ်လ်ဘမ်ဖြစ်တဲ့ 21 မှာ ဒီသီချင်းပါပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ ကမ္ဘာတစ်ဝန်း အချပ်ရေ ၁၈ သန်းအထိ ရောင်းချခဲ့ရတဲ့ အယ်လ်ဘမ်ဖြစ်ပါတယ်။ **(အင်တာနက်)**

ကျော့ဖုံးမှ

၄-၆၊ ၆-၂၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့သည်။ တစ်ဖန် ရော်ဂျာဖက်ဒဲရားနှင့် စပိန်တင်းနစ်သမား ကာလို့စ်ဖာရီရိုတို့ပွဲတွင် ရော်ဂျာဖက်ဒဲရားက ၆-၂၊ ၅-၇၊ ၆-၁ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထို့အတူ ရာဖေးလ်နာဒယ်နှင့် ဂရန်နိုလာတို့ပွဲတွင် ရာဖေးလ်နာဒယ်က ၆-၁၊ ၆-၁ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(အင်တာနက်)**

မြန်မာဇာတ်ကားသစ်နှင့် နိုင်ငံခြားဇာတ်ကားသစ် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများတွင် အပြိုင်ဝင်

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မေ ၁၈

ယခုတစ်ပတ်(သောကြာနေ့) မေ ၁၈ ရက်က ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများတွင် မြန်မာဇာတ်ကားသစ် **'ငါမင်းကို'** ဇာတ်ကားသစ်နှင့် နိုင်ငံခြားဇာတ်ကားသစ် **Wrath of The Titans** ဇာတ်ကားသစ် **(အောက်ပုံ)**တို့ အပြိုင်ရုံဝင်ခဲ့ကြသည်။

ပြသလျက်ရှိ

ဒါရိုက်တာဉာဏတင်စိုး ရိုက်ကူးသည့် **'ငါမင်းကို'** ဇာတ်ကားတွင် အကယ်ဒမီလူမင်း၊ အကယ်ဒမီပြေတီဦး၊ ကျော်ကျော်ဗို၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်နှင့် မိုးဟေကိုတို့ခေါင်းဆောင်ပါဝင်ထားကြသည်။ ဇာတ်ကားမှာ အိမ်ထောင်ရေးဇာတ်ကားဖြစ်ပြီး မိန်းမနှစ်ယောက်၏အနိုင်ခံရသော ယောကျ်ားနှစ်ယောက်အကြောင်း ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ သမ္မတ၊ သွင်၊ မင်္ဂလာ(၁) သိမ်ကြီးဈေးရုပ်ရှင်ရုံများတွင် ပြသလျက်ရှိသည်။

နေပြည်တော်ရုပ်ရှင်ရုံတွင် ပြသနေသော နိုင်ငံခြားဇာတ်ကားသစ် **Wrath of The Titans** ကို ဒါရိုက်တာ Jonathan Liebsman က ရိုက်ကူးထားပြီး အဆိုပါဇာတ်ကားတွင် Sam Worthington နှင့် Liam Neesan တို့ ခေါင်းဆောင်ပါဝင်ထားကြကြောင်းနှင့် လှုပ်ရှားမှုအသားပေးဇာတ်ကားတစ်ကား ဖြစ်ပါကြောင်း ရုပ်ရှင်သတင်းအမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ ။

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား တရုတ်အားကစား၊ နိုင်ငံတကာစီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးကုမ္ပဏီမှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အား တရုတ်အားကစား၊ နိုင်ငံတကာစီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကုမ္ပဏီ လီမိတက်မှ MR.LU GUOO-GUANG နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား တရုတ်အားကစား၊ နိုင်ငံတကာစီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကုမ္ပဏီလီမိတက်မှ MR.LU GUOOGUANG ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲအစီအစဉ်များကို ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများနည်းတူ စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက်လိုအပ်သည့် နည်းပညာနှင့်စက်မှုပစ္စည်းများ ပံ့ပိုးကူညီဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ ဖွင့်ပွဲပိတ်ပွဲအခမ်းအနားများတွင် ပါဝင်ဖျော်ဖြေတင်ဆက်ကြမည့်သူများအား ကျွမ်းကျင်ပညာရှင်များဖြင့် လေ့ကျင့်သင်ကြားပေးမည့် အစီအစဉ်များနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မည့် အစီအစဉ်များတွင် လိုအပ်သည့် နည်းပညာများနှင့် စက်ကိရိယာများ ပံ့ပိုးဖြည့်ဆည်းပေးမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နောင်ချိုလိုက်ချီးသီး လှိုင်လှိုင်ထွက်နေ

နောင်ချို မေ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် လိုက်ချီးသီးလှိုင်လှိုင်ထွက်ရှိနေပြီဖြစ်သည်။ လိုက်ချီးသီးစိုက်ပျိုးရာတွင် မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်ပြီး ကိုင်းကူးစနစ်ဖြင့် စိုက်ပျိုးလျှင် သုံးနှစ်မှ ငါးနှစ်အတွင်း အသီးဆွတ်ခူးရောင်းချနိုင်သည်။ ယခုနှစ်တွင် လိုက်ချီးသီး အလုံး ၁၀၀ လျှင် ငွေကျပ် ၅၀၀ ဖြင့် ခြံရှင်များက ရောင်းချနေသောကြောင့် ယမန်နှစ်ကထက် ဈေးနှုန်းပိုမိုရရှိကြကြောင်း ခြံရှင်များက ပြောကြားကြသည်။ **(ဖဇြ)**

တောင်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေဝင်ရောက်နိုင်

နေပြည်တော် မေ ၁၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

စာအုပ် စာပေ လှူမိတ်ဆွေ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၅-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၅း၂၀ MRTV-4 သတင်း
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၂၆)
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၀)
၁၁း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၁၂)
၂း၀၀ MRTV-4 သတင်း
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၀)
၆း၀၀ MRTV-4 သတင်း
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၂၇)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၁)
၁၀း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၁၃)

(၂၇)ကြိမ်မြောက် ဆီးဂိမ်း၌ ရွှေတံဆိပ်ရရှိရေး မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ

သတင်းဆောင်းပါး မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၈

ရန်ကုန်မြို့ အင်းလျားကန်ရေပြင် ပေါ်ဝယ် အားကြိုးမာန်တက်ဖြင့် ရေပန်းများ တဖွားဖွားထအောင် အပြိုင်အဆိုင် လှော်ခတ်လာသော မြန်မာ့ရိုးရာ လှေလှော်သမားများ၊ အင်းလျားကန်ပေါင်ပေါ်မှ အားပေးနေသော ပရိသတ်များ။ ဤမြင်ကွင်းကား မေ ၁၈ ရက် နံနက်က ကျင်းပသည့် "မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲ ၂၀၁၂" ပင်ဖြစ်သည်။

လာမည့် ၂၀၁၃ ခုနှစ်၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပတော့မည်။ အိမ်ရှင်အဖြစ် ပြိုင်ပွဲ၌ မျက်နှာပန်းလှစေရန် မြန်မာ့လှေလှော်အားကစားမှ အစဉ်အလာမပျက် ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ရေး၊ စွမ်းဆောင်ရည်မြင့်မားသော လူသစ်တန်းအားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် ယခုကတည်းက ပြိုင်ပွဲကျင်းပပြီး အရည်အသွေးမြင့်မားသော လှေလှော်ကစားသမားကို ရွေးချယ်ကာ လေ့ကျင့်ပေးရန်အတွက် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်သည်။

ဤပြိုင်ပွဲ၌ လူသစ်တန်းနှင့် အလွတ်တန်းအဖြစ် ပြိုင်ပွဲဝင်အတန်း နှစ်တန်းပါရှိပြီး လူသစ်တန်းတွင် ကျား၊ မ မီတာ ၉၀၀၊ မီတာ ၇၀၀ နှင့် မီတာ ၅၀၀ တို့ပါဝင်ကာ ပွဲစဉ်ငါးပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အလွတ်တန်းတွင် ကျား၊ မ မီတာ ၇၀၀ နှင့် မီတာ ၅၀၀ တို့ပါဝင်ကာ ပွဲစဉ်လေးပွဲ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံအရပ်ရပ်မှ လှေလှော်အသင်း ပေါင်း ၄၀ ခန့် ပါဝင်ယှဉ်ပြိုင်လျက်ရှိနေပြီဖြစ်သည်။ အများဆုံး ဝင်ရောက်ယှဉ်ပြိုင်မှုမှာ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဖြစ်သည်။

မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ နေ့စဉ်ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြမည် ဖြစ်သည်။ နောက်ဆုံးအနိုင်ရရှိကြသည့် လှေလှော်ကစားသမားများကို စနစ်တကျထပ်မံရွေးချယ်ကာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် စခန်းသွင်း လေ့ကျင့်ပေးမည်ဖြစ်သည်။

မြန်မာ့လှေလှော် ကစားသမားမောင်မယ်များကို ရွေးချယ်ရာတွင် အရပ်၊ ကိုယ်အလေးချိန်၊အသက်နှင့် လှေလှော်ကျွမ်းကျင်မှုတို့ကို အဓိကထား စိစစ်ပြီးမှ စခန်းသွင်း လေ့ကျင့်စေမည်ဖြစ်သည်။ ကနူးကယက်လှေလှော်ကစားသမားများကိုလည်း ယခုပြိုင်ပွဲမှ လှေလှော်ကစားသမား မောင်မယ်များထဲမှ ရွေးချယ်ကာ လေ့ကျင့်ပေးသွားရန်လည်းစီစဉ်ထားသည်။

မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲ ၂၀၁၂ တွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် လှေလှော်အသင်းများမှာ ရွှေကြာပင်၊ တိမ်ပျံ၊ မွေး/ကု၊ ရန်ကုန်ကလပ်(က)၊ စီးပွား/ ကူးသန်း၊ ရန်ကုန်ကလပ်(ခ)၊ ရွှေစတား(က)၊ ပိတောက်(က)၊ ရွှေညီအစ်ကို၊ ပိတောက် (ခ)၊ ရွှေညီအစ်ကို၊ ရွှေမင်းသမီး၊ အောင်တံခွန်၊ ရွှေ့သို့ချီ၊ ရွှေစတား(ခ)၊ ရန်ကုန်ကလပ်(ခ) စသည့် အသင်းများ ဖြစ်ကြသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကား တဖြည်းဖြည်း နီးကပ်လာပြီဖြစ်ရာ အိမ်ရှင်မြန်မာတို့ ပြိုင်ပွဲအများအပြား၌ ရွှေတံဆိပ်များရယူနိုင်ရေး ပြင်ဆင်လေ့ကျင့် ကြိုးစားနေကြပြီဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

လူသစ်တန်း(အမျိုးသမီး) ခုနစ်တက်လှေလှော်ပြိုင်ပွဲ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။

စီမံကိန်းအကောင်အထည်ဖော်ေ... ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်နစ်န... ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်...

နေပြည်တော် မေ ၁၈

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ အပူပိုင်းဒေသအတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာဖူလုံရေးအပေါ် ထိခိုက်နိုင်မှုများကို ဖြေရှင်းနိုင်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ရေး အမျိုးသားအဆင့် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ရာသီဥတုပြောင်းလဲမှုသည် သဘာဝပတ်ဝန်းကျင်၊ လူသားတို့၏ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံမှု၊ စီးပွားရေးလုပ်ငန်းများနှင့် သဘာဝသယံဇာတများအပေါ် ဆိုးကျိုးများ ကျရောက်လျက်ရှိသည့်အတွက် လူသားတို့၏ ရှင်သန်ရပ်တည်မှု၊ သာယာဝပြောမှုတို့အတွက် အဓိက စိန်ခေါ်နေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ရာသီဥတု မျှတကောင်းမွန်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယေဘုယျအားဖြင့် ရာသီဥတုဆိုင်ရာ ပြဿနာများမှ ကင်းဝေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးကြိုးပမ်း ဆောင်ရွက်မှုများဖြင့် နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသော်ငြားလည်း ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု၏ အကျိုးဆက်များကို ခံစားနေရပြီဖြစ်ကြောင်း၊ အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း နာဂစ်နှင့် ဂီရိတို့ဖြစ်ပွားခဲ့မှု၊ မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသတွင် အပူချိန် စံချိန်တင် မြင့်တက်လာမှုနှင့်အစဉ်အလာမရှိသည့် ဒေသများ၌ ရေကြီးမှုနှင့် ရေရှားပါးလာမှုများမှာ သိသာထင်ရှားသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကျိုးဆက်များဖြစ်ပါကြောင်း။

ပြုပြင်ပြောင်းလဲ

ရာသီဥတုပြောင်းလဲလာမှု၏ အကျိုးသက်ရောက်မှုများ လျှော့ချရေး (Mitigation) နှင့် လိုက်လျောညီထွေစွာ နေထိုင်ရေး(adaptation) လုပ်ငန်းများသည် အထူးအရေးပါပြီး မဖြစ်မနေ

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှ ညှိနှိုင်း... ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အား လာရောက်...

ရန်ကုန် မေ ၁၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်း... အရှေ့တောင်အာရှဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. James Lynch သည် မြန်မာနိုင်ငံဌာနေကိုယ်... hannes Gerhard ten Feld နှင့် တာဝန်ရှိသူများနှင့်အတူ မေ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး အစိုး... လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးနှင့် တိုင်းဒေသကြီးအစိုးရ... ဦးမောင်မောင်သန်းတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၄ ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ ရက် (အဖိတ်နေ့)

၁၉-၅-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀ နမောနမော (သန်းမြတ်စိုးနှင့်အဖွဲ့၊ ဂီတစာဆို-မောင်မောင်လတ်)
၇း၃၀ နံနက်ခင်းသတင်း
၇း၄၀ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅ သုတရောင်စုံပန်းခင်း
၈း၁၅ ကဗျာပန်းဥယျာဉ်
၈း၃၀ အဆိုပြိုင်ပွဲ

နေ့လယ်ပိုင်း

၁၁း၀၀ စစ်သည်တေး
၁၁း၁၀ တေးဂီတအစီအစဉ်

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် တုပြောင်းလဲမှုကြောင့် ထိခိုက်နစ်နာမှုများ လျှော့ချပေးနိုင် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် ဖြည့်ဆည်းပေးရာရောက်

မေ ၁၈

ထိန်းသိမ်းရေးနှင့် ကြီးဌာနနှင့် ကုလ စဉ် (UNDP) တို့ မြန်မာနိုင်ငံ အပူပိုင်း သီဥတုပြောင်းလဲမှု အမြစ်နှင့် စားနပ် ထိခိုက်နိုင်မှုများ ရေးလုပ်ငန်းစီမံကိန်း ဖော်ရေး အမျိုးသား င်းအစည်းအဝေးကို ရီတွင် မန္တလေးမြို့ ကျင်းပရာ ပတ်ဝန်း င့် သစ်တောရေးရာ ည်ထောင်စုဝန်ကြီး ရောက်အမှာစကား

ဝန်ကြီးက အမှာ တွင် ရာသီဥတု ဘာဝပတ်ဝန်းကျင်၊ ရေး၊ စားနပ်ရိက္ခာ ရေးလုပ်ငန်းများနှင့် များအပေါ် ဆိုးကျိုး ကျက်ရှိသည့်အတွက် ရပ်တည်မှု၊ သာယာ အဓိက စိန်ခေါ်နေ င်းရင်းတစ်ရပ်ဖြစ်ပါ

ည် ရာသီဥတု မျှတ င်ငံတစ်နိုင်ငံဖြစ်ပြီး ရာသီဥတုဆိုင်ရာ င်းဝေးခဲ့ပါကြောင်း၊ င့် အကောင်းဆုံး ် မှုများဖြင့် နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်နေသော်ငြားလည်း ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု၏ အကျိုး ဆက်များကို ခံစားနေရပြီဖြစ်ကြောင်း၊ အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း နာဂစ်နှင့် ဂီရိတို့ဖြစ်ပွားခဲ့မှု၊ မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသတွင် အပူချိန် စံချိန်တင် မြင့်တက်လာမှုနှင့်အစဉ်အလာ မရှိသည့် ဒေသများ၌ ရေကြီးမှုနှင့် ရေ ရှားပါးလာမှုများမှာ သိသာထင်ရှား သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကျိုးဆက်များဖြစ်ပါကြောင်း။

ပြုပြင်ပြောင်းလဲ

ရာသီဥတုပြောင်းလဲလာမှု၏ အကျိုး သက်ရောက်မှုများ လျှော့ချရေး (Mitigation) နှင့် လိုက်လျောညီထွေစွာ နေထိုင်ရေး(adaptation) လုပ်ငန်းများ သည် အထူးအရေးပါပြီး မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ် ကြောင်း၊ အဆိုပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အစိုးရဌာနအဖွဲ့ အစည်းများသက်သက် မဟုတ်ဘဲ စွမ်းဆောင်ရည်ရှိသည့် အဖွဲ့အစည်းများ အားလုံး ပူးပေါင်းဆောင်ရွက်ခြင်း၊ တစ်ဦးချင်း တစ်ယောက်ချင်းစီ၏ အကျင့် စရိုက်နှင့် နေထိုင်မှုပုံစံကို ပြုပြင်ပြောင်းလဲ ပေးခြင်းတို့ဖြင့်သာ အောင်မြင်မှုရရှိမည် ဖြစ်ကြောင်း။

ယခုစီမံကိန်းကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် တို့ပူးပေါင်း၍ ရာသီဥတုပြောင်းလဲမှုနှင့် အတူ တိုးပွားလာသော မိုးရွာသွန်းမှုများ၊ မိုးခေါင်မှုများကြောင့် မြန်မာနိုင်ငံ၏ အပူပိုင်းဒေသတွင် တောင်သူလယ်သမား များအပေါ် ထိခိုက်လွယ်မှုကို လျှော့ချ နိုင်ရန်၊ တောင်သူလယ်သမားများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် အနာဂတ်၌ ရာသီဥတုပြောင်းလဲလာမှု အပေါ် လိုက်လျောညီထွေ ဆောင်ရွက် နေထိုင်နိုင်ရန် စသည့် ရည်မှန်းချက်များ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက် ရန် အဆိုပြုရေးဆွဲထားကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း မြန်မာနိုင်ငံ အပူပိုင်းဒေသအတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာဖူလုံရေး အပေါ် ထိခိုက်နိုင်မှုများကို ဖြေရှင်းနိုင်ရေးလုပ်ငန်းစီမံကိန်း အကောင် အထည်ဖော်ရေး အမျိုးသားအဆင့် အကြိုညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စီမံကိန်းဒေသများအဖြစ် စစ်ကိုင်း တိုင်းဒေသကြီးတွင် ရွှေဘိုမြို့နှင့် မုံရွာ မြို့၊ မန္တလေးတိုင်းဒေသကြီးတွင် မြင်းခြံ မြို့နှင့် ညောင်ဦးမြို့၊ မကွေးတိုင်းဒေသကြီး တွင် ချောက်မြို့တို့ကို ရွေးချယ်ထား ကြောင်း၊ စီမံကိန်းကာလမှာ လေးနှစ် ကြာမြင့်မည်ဖြစ်ကြောင်း၊ စီမံကိန်းတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရေချို သယံဇာတ လျော့နည်းလာမှုကို တုံ့ပြန် နိုင်ရေး၊ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိ သော သီးနှံမျိုးများနှင့် တိရစ္ဆာန်များ မွေးမြူထုတ်လုပ်ခြင်းစနစ် တည်ထောင် ရန်နှင့် မြှင့်တင်ရေး၊ ရာသီဥတုကြောင့် ဆုံးရှုံးနစ်နာနိုင်မှု သတင်းအချက်အလက် နှင့် ရာသီဥတု စောင့်ကြည့်လေ့လာမှု တိုးတက်လာစေရေး စသည့် အပိုင်း(၃) ပိုင်းဖြင့် ဆောင်ရွက်သွားရန် အဆိုပြု ထားကြောင်း။

စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ရာသီဥတုပြောင်းလဲ မှုကြောင့် ထိခိုက်နစ်နာနိုင်မှုများကို လျှော့ချပေးနိုင်မည့်အပြင် နိုင်ငံတော် အစိုးရက ဦးစီးဆောင်ရွက်လျက်ရှိ သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးရာ ရောက်မည်ဖြစ်ကြောင်းဖြင့် ပြောကြား သည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီ အစဉ်မှ အာရှပစိဖိတ်ဒေသ နည်းပညာ ဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင် Mr. Gernod Laganda က ယခုအစည်း အဝေးတွင် မြန်မာနိုင်ငံရှိ ရာသီဥတု ပြောင်းလဲမှုအကြောင်းအရာနှင့် ဆက်စပ် လျက်ရှိသော အဖွဲ့အစည်းများ သတင်း အချက်များဖလှယ်၍ ပူးပေါင်းဆောင်ရွက် နိုင်မည့် အလားအလာများကို ဆွေးနွေး ဖော်ထုတ်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်မှ တာဝန်ရှိသူများက အဆိုပြု စီမံကိန်းကို ရှင်းလင်းတင်ပြပြီး တက် ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် အဖွဲ့ သုံးဖွဲ့ခွဲကာ အကြံပြုဆွေးနွေးကြသည်။

ညှိနှိုင်းဆွေးနွေး

အစည်းအဝေး အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ အာရှ ပစိဖိတ်ဒေသ နည်းပညာဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင် Mr. Gernod Laganda နှင့်အဖွဲ့ကတွေ့ဆုံပြီး စီမံကိန်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ တိုးမြှင့်ဆောင်ရွက်မည့်လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှ ညှိနှိုင်းရေးမှူး င်းဒေသကြီး ဝန်ကြီးချုပ်အား လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၁၈

သကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. James Lynch သည် မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Jo-en Feld နှင့် တာဝန်ရှိသူများနှင့်အတူ မေ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ သည်။ **(အပေါ်ပုံ)**

ဆုံရာတွင် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

နှစ်ဖက်သောမိဘများအားရည်စူး၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၅) ၁၄ လမ်းနေ ဦးအောင်ခိုင်-ဒေါ်ချိုချိုခိုင် မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေး/အာဟာရပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ရိပ်သာအတွင်းရေးမှူး ဦးမြသိန်းထံ ပေးအပ်လှူဒါန်းစဉ်။ (၀၀၉)

မြင်သံကြား အစဉ်

ပြည့်ကျော် ၁၄ ရက် (နေ့)
(စနေနေ့)
ပိုင်း

ဆရာတော်ကြီး၏ တရားတော်

၇း၁၀	နမောနမော (သန်းမြတ်စိုးနှင့် အဖွဲ့၊ ဂီတစာဆို- မောင်မောင်လတ်)
၇း၃၀	နံနက်ခင်းသတင်း
၇း၄၀	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅	သုတရောင်စုံပန်းခင်း
၈း၁၅	ကဗျာပန်းဥယျာဉ်
၈း၃၀	အဆိုပြိုင်ပွဲ
	နေ့လယ်ပိုင်း
၁၁း၀၀	စစ်သည်တေး
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၂၅	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၅၀	နှုတ်မြိန်ဖွယ်ရာ ချစ်ဟင်းလျာ
၁၃း၀၅	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာစွမ်းအား** (အပိုင်း-၅)
၁၄း၀၅	**အိပ်မက်ထဲကအတိုင်း** (မုန်တိုင်းအန္တရာယ် ကြိုတင်ပြင်ဆင်ရေး ပညာပေးဇာတ်လမ်း)
	ညပိုင်း
၄း၃၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သမိုင်း၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊စိတ်ပညာ၊ ဒဿနိကဗေဒအထူးပြုများ)
	(ဒဿနိကဗေဒ)
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၆း၂၀	**ရုပ်မြင်ပြဇာတ်အစီအစဉ်**
၈း၀၀	ပြည်တွင်းသတင်း
-	နိုင်ငံတကာသတင်းများ
-	မိုးလေဝသအခြေအနေ

နှိုးဆော်တိုက်တွန်းအပ်ပါသည်

မေခင်

ယခုတလော အပြောများနေသော အကြောင်းအရာ များတွင် ပြီးခဲ့သော သင်္ကြန်ကာလက လူငယ်တချို့၏ မသင့်မလျော် ဝတ်စားဆင်ယင်မှုကိစ္စတစ်ခု ပါဝင်နေပါ သည်။ ဂျာနယ်များတွင်လည်း အမျိုးသမီးငယ်များ၏ ခေတ်လွန် ဝတ်ဆင်ထားပုံများကို ရောင်စုံစာရွက်များ တွင် အသားပေးဖော်ပြကြသည်။ အင်တာနက်ပေါ်တွင် လည်း ဓာတ်ပုံများ၊ သုံးသပ်ဝေဖန်ချက်များ ပလူပျံနေ သည်။ သင်္ကြန်တွင်းမှာ မြန်မာပြည်ကို ခေတ္တခဏပြန်လာ ကြသော ပြည်ပရောက် မြန်မာများကိုပင် အံ့အားသင့်စေ ခဲ့သော ဖက်ရှင်ဒီဇိုင်းများ ဖြစ်နေခဲ့သည်။ အမေရိကန်မှ ခဏပြန်ရောက်နေသည့် မိတ်ဆွေတစ်ဦးက မြန်မာ မိန်းကလေးများရဲ့ သင်္ကြန်ဖက်ရှင်က အမေရိကန်များ ရှုံးလောက်အောင် ခေတ်ဆန်လွန်းနေသည်ဟု ဝေဖန်ခဲ့ သည်။ အမှန်တော့ ခေတ်ဆန်သော ယင်းမိန်းကလေးတို့ ၏ မလုံမလဲဖက်ရှင်ဒီဇိုင်းများသည် သင်္ကြန်တွင်းသာမက ဘဲ သာမန်ပွဲလမ်းများတွင်လည်း ဤအတိုင်း ဝတ်ဆင် လာကြသည်ကို နေရာတိုင်းတွင် တွေ့မြင်နေရသည်။ သည်ကိစ္စကို သည်အတိုင်းပဲထားမှာလား၊ မည်သို့ ထိန်းသိမ်းကြမှာလဲဆိုသည့်အချက်က အရေးကြီးလာပြီ ဟု ယူဆမိပါသည်။ တချို့ကလည်း ခေတ်ရေစီးကြောင်း အရ ပြောင်းလဲလာသော ဆင်ယင်ထုံးဖွဲ့မှုဖြစ်ခြင်းကြောင့် အရေးမကြီးပါဘူးဟူ၍ သဘောထားကြသည်။ သို့သော် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာဆိုသည့် ရှုထောင့်က လေ့လာသုံးသပ်ပါက ဂရုပြု၍ ထိန်းသိမ်းရတော့မည့် အနေအထားတစ်ခုသို့ ရောက်ရှိနေပြီဟု ပြောနိုင်ပါ သည်။

သင်္ကြန်ပွဲတော်သည် မြန်မာ့ရိုးရာပွဲတော်ဖြစ်၍ ရိုးရာဓလေ့စရိုက်နှင့်အညီ မြန်မာဆန်ဆန်ကျင်းပသော ပွဲတော်တစ်ခုဖြစ်အောင် ဝိုင်းဝန်းလုပ်ဆောင်သင့်ပါ သည်။ အနောက်တိုင်းဂီတသံများ ဆူဆူညံညံဖွင့်ပြီး ကခုန်နေသော သင်္ကြန်မဖြစ်စေချင်ပါ။ ပို၍ ဆိုးရွား သည်မှာ ယမကာမျိုးစုံကို အမျိုးသားရော အမျိုးသမီးများ ပါ လွတ်လပ်စွာသောက်သုံး၍ မဖွယ်မရာ ကခုန်မြူးထူး နေသော သင်္ကြန်ပုံရိပ်က မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို အကျည်းတန်စေပါသည်။ ပြည်ပအသံလွှင့်ဌာနတစ်ခု က ထိုင်းနိုင်ငံ ချင်းမိုင်သင်္ကြန်ကို ရိုက်ကူးထုတ်လွှင့် သွားခဲ့ရာ မြန်မာသင်္ကြန်နှင့် ခြားနားနေကြောင်း သတိ ထားမိခဲ့ပါသည်။ ချင်းမိုင်ရေသဘင်ပွဲတော်တွင် ရေပိုက် များဖြင့် ကြမ်းတမ်းစွာ ရေကစားခြင်းမတွေ့ရပါ။ ထိုင်း နိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ကိုယ်တိုင် ဒေသခံများ၊ နိုင်ငံခြားသား ကမ္ဘာလှည့်ဧည့်သည်များနှင့်အတူ ရေကစား နေသည်ကို ပြသသွားပါသည်။ ထို့အပြင် ချင်းမိုင် သင်္ကြန်သို့ အလည်အပတ်ရောက်နေသော ရန်ကုန်မြို့မှ မိန်းကလေးနှစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှုကိုပါ ထုတ်လွှင့် သွားခဲ့ပါသည်။ သို့ဖြစ်၍ မြန်မာနှစ်သစ်ကူး ရိုးရာသင်္ကြန် ပွဲတော်ကိုလည်း ပြင်းအားများသော ရေပိုက်များ မပါ ဝင်ဘဲ ရေဖလားများဖြင့် ရေကစားသောသင်္ကြန်၊ ရိုးရာ အစားအစာများဖြင့် အပြန်အလှန် ကျွေးမွေးဧည့်ခံသော သင်္ကြန် ဖြစ်စေချင်ပါသည်။ ဤသို့ ရိုးရာဆန်စွာ ကျင်းပ ခြင်းကို ခေတ်လူငယ်များက ပို၍ပင် နှစ်ခြိုက်လိမ့်မည် ဟု ယူဆမိပါသည်။

ယနေ့ခေတ်လူငယ်များ၏ အတွေးအခေါ်၊ အယူ အဆ၊ အပြုအမူ၊ ဝတ်စားဆင်ယင်မှု စသည်တို့သည် နည်းပညာဖွံ့ဖြိုးမှုအကူအညီဖြင့် တစ်နေရာမှ တစ်နေရာ သို့ ရွေ့ပြောင်းရောက်ရှိလာမှု မြန်ဆန်လှသည်။ အိုင်တီ နည်းပညာကြောင့် အင်တာနက် စာမျက်နှာများ၊ ရုပ်မြင် သံကြားလိုင်းများ၊ ခေတ်မီတယ်လီဖုန်းများမှတစ်ဆင့် အလွယ်တကူ ဆက်သွယ်နိုင်ကြသည်။ နည်းပညာ၏ လွှမ်းမိုးမှုကြောင့် အားသာချက်များ အပုံအပင် ရရှိခံစား နိုင်သကဲ့သို့ အားနည်းချက်များကလည်း တွဲလျက်လိုက်ပါ လာသည်။ မြန်မာနိုင်ငံတွင် ပြောင်းလဲလာသော နိုင်ငံ ရေး၊ စီးပွားရေး၊ ပုံသဏ္ဍာန်နှင့် ခေတ်စနစ်များကြောင့် လူမှုရေးရာနှင့် ယဉ်ကျေးမှုရေးရာများသည်လည်း ပြောင်းလဲလာသည်ကို တွေ့မြင်နေရသည်။ တိုးတက် ဖွံ့ဖြိုးလာသော နည်းပညာ၊ အတတ်ပညာများကြောင့် အမြတ်ရလာနိုင်သော အကျိုးရလဒ်များကို လိုအပ်သလို အသုံးချရမည်။ ထို့အတူ အရှုံးထွက်နိုင်သည့် ဆိုးကျိုး ပြဿနာများကိုလည်း ဖြစ်နိုင်သမျှ ဟန့်တားထိန်းသိမ်း ကာကွယ်ရန် လိုအပ်လာပါသည်။ ယခုအခါ စတုတ္ထ မဏ္ဍိုင်ဖြစ်သည့် မီဒီယာပိုင်းကို လွတ်လပ်ခွင့်၊ ပွင့်လင်း ခွင့်ရရှိရန်အလေးပေးပြောဆိုလာကြသည်။ လွတ်လပ်စွာ ရေးသားဖော်ပြခွင့်နှင့်အတူ မဂ္ဂဇင်း၊ ဂျာနယ်စာစောင် များ အပြိုင်အဆိုင် ပေါ်ပေါက်လာကြ၏။ ယနေ့လူငယ် များအပါအဝင် အရွယ်စုံက နေ့စဉ်ထွက်ရှိနေသည့် အမျိုးမျိုးသော ဂျာနယ်များကို ဝယ်ယူဖတ်ရှုမှု မြင့်မား လာနေသည်။ ထို့အတူ လိုင်းပေါင်းစုံက ထုတ်လွှင့်ပြသလျက် ရှိသော ရုပ်မြင်သံကြားလိုင်းများကိုလည်း နာရီနှင့်အမျှ ဖမ်းယူ ကြည့်ရှုမှု ရာခိုင်နှုန်းကလည်း မြင့်တက်လျက်ရှိနေပြန်သည်။ ဤကဲ့သို့သော ပတ်ဝန်းကျင်၏ ဖြစ်ပေါ်ပြောင်းလဲမှုများ ကြောင့် ဝတ်စားဆင်ယင်မှုအပါအဝင် နေထိုင်မှုပုံစံ (Life Style) များ ရွေ့လျားပြောင်းလဲလာသည်။ ထိုရွေ့လျား ပြောင်းလဲမှု၏ ဂယက်ကြောင့် မူလရှိရင်းစွဲ ပင်ကိုယဉ်ကျေးမှု များ ပပျောက်မသွားစေရန် ကမ္ဘာ့နိုင်ငံအသီးသီးက ကြိုးစား လျက်ရှိကြသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများက ပို၍ပင် ဦးစားပေး လာကြသည်ကို ၎င်းတို့နိုင်ငံ၌ ကျင်းပသော ဆွေးနွေးပွဲများ၊ အခမ်းအနားများ၊ အသင်းအဖွဲ့များ၏ လှုပ်ရှားမှုများက သက်သေခံလျက်ရှိပါသည်။

အမှန်အားဖြင့် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုနောက်ကျ ကျန်နေသော တိုင်းပြည်များတွင် တစ်ခုအပါအဝင်ဖြစ်ပါ သည်။ ခေတ်မီနည်းပညာ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများတွင် အများနည်းတူ ရင်ပေါင်တန်းနိုင်ရန် အတော်ပင် ရုန်းကန်ကြိုးစားရပေဦးမည်။ သို့ရာတွင် နောက်ကျခြင်း၏ ကောင်းကွက်များကတော့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ဂုဏ်ယူဖွယ်ကျန်ရစ်တည်ရှိနေခြင်းပင် ဖြစ်ပါ သည်။ မြန်မာနိုင်ငံကို ရောက်ရှိလာသူ နိုင်ငံခြားသားများက မြန်မာလူမျိုးများ ရိုးရာဝတ်စုံကို ဝတ်ဆင်၍ အလုပ်ခွင်ဝင်နေ ကြခြင်း၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာများ သိမ်မွေ့ခြင်း၊ ကြီးသူကို ရိုသေခြင်းတို့ကို အံ့သြစွာဖြင့် ချီးကျူးကြသည်။ သို့ဖြစ်၍ မြန်မာလူမျိုးများအဖို့ စက်မှုဖွံ့ဖြိုးမှုအပိုင်းတွင်ဂုဏ်ယူ ဝင့်ကြွားနိုင်ခြင်း မရှိသေးသော်လည်း ရိုးရာယဉ်ကျေးမှု ကြွယ်ဝစွာ တည်ရှိနေခြင်းများအပေါ်တွင် များစွာဂုဏ်ယူ နိုင်ပါသည်။ ယခုအချိန်အခါတွင် ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ပေါက်လာခဲ့ပြီး နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှု များ၊ ကူးလူးဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိနေပါ သည်။ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာမူဝါဒ အပါအဝင် စီးပွားရေးအခြေခံအဆောက်အအုံများကို နိုင်ငံတကာ စံချိန် စံညွှန်းနှင့်အညီ ပြုပြင်ပြောင်းလဲလျက်ရှိနေသည်ကို တွေ့မြင် နေရပါသည်။ သို့ဖြစ်၍ ဆယ်စုနှစ်တစ်ခုအတွင်းမှာပင် စက်မှုကဏ္ဍဖွံ့ဖြိုးမှုများ၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်း များ သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်လာမှာ သေချာပါ သည်။ နိုင်ငံတကာ မီဒီယာများတွင်လည်း မြန်မာနိုင်ငံသို့ ဆောလျင်စွာ သွားရောက်ရင်းနှီးမြှုပ်နှံသင့်ကြောင်း အကြံပြု တိုက်တွန်းချက်သတင်းများက ရေပန်းစားလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ရှေးရာစုနှစ်ပေါင်းများစွာက ဖြစ်ထွန်း ပေါ်ပေါက်ခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအသီးသီး၏ ရိုးရာဓလေ့ ဆင်ယင်ထုံးဖွဲ့မှုများအားလုံးနှင့် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု များသည် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဖွယ်ကျန်ရှိနေပါသေး သည်။

ယခုနောက်ပိုင်း အပြောများနေသည့် ခေတ်လူငယ် များ၏ ခေတ်လွန်ဝတ်စားဆင်ယင် ထုံးဖွဲ့မှုများကြောင့် ဂုဏ်ယူဖွယ်အဆင့်မှ လျော့ကျမသွားရလေအောင် နိုင်ငံသား အားလုံးက ဝိုင်းဝန်းထိန်းသိမ်းရပါမည်။ ဂလိုဘယ်လိုက် ဇေးရှင်း သဘောတရားအရ တားဆီးမရနိုင်သော Cross Culture များက မိနစ်တိုင်း ဖြတ်သန်းစီးဆင်း ဝင်ရောက် လာနေမှာဖြစ်ပါသည်။ ထိုသို့ ဝင်ရောက်လာနေမှုကို အမျိုး သားရေးအခြေခံစိတ်ဓာတ်ဖြင့်သာ ထိန်းသိမ်းကာကွယ်သွား ရမည်ဖြစ်ပါသည်။ အစိုးရပိုင်ကျောင်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်ဆင့်ရှိ ဆရာ ဆရာမများ ကလည်း ကျောင်းသားများအပေါ် အမျိုးသားရေးအခြေခံ စိတ်ဓာတ် ကိန်းအောင်းအမြစ်တွယ်သွားအောင် အသိပညာ ပေးကာ ပြုစုပျိုးထောင်ပေးရပါမည်။ အလားတူ ပုဂ္ဂလိကပိုင် ကျောင်းများကလည်း မြန်မာ့ယဉ်ကျေးမှုနှင့် အမျိုးသားရေး စိတ်ဓာတ်ကို မဖြစ်မနေပို့ချပေးရပါမည်။ ထို့အတူ မီဒီယာ ကဏ္ဍကလည်း ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက် ရေးကို ဝိုင်းဝန်းလုပ်ဆောင်ပေးသင့်ပါသည်။ နိုးကြားတက်ကြွ လာစေရန် လှုံ့ဆော်ပေးသင့်ပါသည်။ စီးပွားရေးလုပ်ငန်းရှင် များကလည်း ကုန်ပစ္စည်းကြော်ငြာရာတွင် မလုံမလဲ ဝတ်စား ဆင်ယင်မှုများကို ရှောင်ရှားသင့်ပါသည်။ အထူးသဖြင့် ယမကာကြော်ငြာများသည် လိုအပ်သည်ထက် ပိုမိုလွန်ကဲ နေကြောင်း တွေ့မြင်နေရပါသည်။ သရုပ်ဆောင်များက လည်း ရိုးရာယဉ်ကျေးမှုအရ လက်မခံသင့်သော ဝတ်စား ဆင်ယင်မှုများကို အသိစိတ်ဓာတ်ဖြင့် ငြင်းပယ်သင့်ပါသည်။

အချုပ်အားဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုများ ရှိရင်းစွဲ ထက် လျော့နည်းပပျောက်မှုများ မဖြစ်ရလေအောင် စီမံ ခန့်ခွဲမှုပိုင်းမှ တာဝန်ရှိသူများ၊ ပညာရေးကဏ္ဍမှ ဆရာ ဆရာမများ၊ မီဒီယာကဏ္ဍမှ တာဝန်ရှိသူများ၊ စီးပွားရေး နယ်ပယ်စုံမှ လုပ်ငန်းရှင်များနှင့် မိဘများ၊ အနုပညာရှင်များ၊ ပြည်သူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွား ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။ ။

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် မေ ၁၈

ဗိုလ်မှူးသူရိန်ကျော်(ငြိမ်း)သည် ကစားဖော်များဖြစ်ကြသော ဦးခိုင်ဦး၊ ဦးစိုးဝင်းထက်၊ ဦးတင့်ဦး၊ ဗိုလ်မှူးသန်းဦး(ငြိမ်း)တို့နှင့်အတူ မေ ၁၃ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း (ငွေသော်တာကွင်း)၌ ဂေါက်သီးရိုက် ကစားစဉ် Titleist Pro V No(4) ဘောလုံးကို Majesty Iron No.(9) သံတုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၅၀ အကွာရှိ ကျင်းအမှတ်(၁၂) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွား ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ ကျောဖုံးမှ

မိုးရေချိန်လက်မ ၂၀၀၊ ရေစုပ်စက်ခြောက်စုံ၊ ရေထွက်နှုန်း ၄၀ ကျူ့ဆက်၊ ရေတင်နိုင်မည့် အမြင့်ပေ ၃၀၊ 3 MVA ဓာတ်အားခွဲရုံတစ်ရုံ၊ 33 ကေဗွီအေ ဓာတ်အားလိုင်း ၂ ဒသမ ၆ မိုင်၊ 11 ကေဗွီအေ ဓာတ်အားလိုင်း တစ်မိုင် တို့ဖြစ်သည်။

စီမံကိန်းတည်ဆောက်ဆဲကာလ၌ပင် စိုက်ပျိုးရေပေးဝေနိုင်ခဲ့ရာ နှစ်အလိုက် နွေစပါး ရေပေးဝေနိုင်မှုအနေဖြင့် ၂၀၀၇-၂၀၀၈ဘဏ္ဍာနှစ်တွင် ၁၄၈ဧက၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် ဧက ၇၀၀၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ၁၀၃၄ဧက၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဧက ၁၈၀၀၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဧက ၂၂၀၀ ရေပေးဝေခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဧက ၃၅၀၀ အထိ စိုက်ပျိုးရေပေးဝေသွားမည် ဖြစ်ကြောင်း သိရသည်။

ငမိုးရိပ်လျှပ်စစ် ရေတင်စီမံကိန်း၏ စီမံကိန်းတာဝန်ခံ(ဦးစီးအရာရှိ) ဦးမြတ်ကိုကိုက စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် "ဒီစီမံကိန်းဟာ ရန်ကုန်မြို့ မိုင် ၃၀ပတ်လည်စိမ်းလန်းစိုပြည်ရေးစီမံကိန်းအတွင်းမှာ ပါဝင်တဲ့ စီမံကိန်းတစ်ခု ဖြစ်ပါတယ်။ လေယာဉ်ဆင်းလမ်းအောက်မှာ တည်ရှိတဲ့ စီမံကိန်းလည်း ဖြစ်ပါတယ်။ ဒီစီမံကိန်းကို တောင်သူတွေကလည်း စိတ်ဝင်စားမှုရှိပြီး စပါးကိုပဲ အဓိကထားစိုက်ပျိုးကြပါတယ်။"

စီစဉ်ထား

"နွေစပါးအပြင် မိုးစပါးရာသီမှာလည်း မိုးခေါင်လို့ပဲဖြစ်ဖြစ်၊ မိုးရွာသွန်းမှုနည်းပါးလို့ပဲဖြစ်ဖြစ် ရေလိုအပ်မှုရှိရင် ဖြည့်စွက်ရေပေးနိုင်အောင်လည်း စီစဉ်ထားပါတယ်။ မြစ်ရေတင်လုပ်ငန်းတွေရဲ့ထူးခြားချက်ကတော့ မြစ်ရေကို စုပ်တင်ပေးခြင်းဖြစ်လို့ နုန်းမြေပါဝင်မှုများပြားပြီး သီးနှံအထွက်နှုန်းတိုးတက်ရေးကို အထောက်အကူဖြစ်စေပါတယ်" ဟု ပြောကြားသည်။

ရေပေးဝေနိုင်

ငမိုးရိပ်လျှပ်စစ် ရေတင်စီမံကိန်းသည် ယခုအခါစီမံကိန်းတစ်ခုလုံး၏ ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ရာ လာမည့်နွေစပါးရာသီတွင် စီမံကိန်းလျာထားချက်၏ ၆၈ရာခိုင်နှုန်းကို ရေပေးဝေနိုင်မည် ဖြစ်သည်။

ငမိုးရိပ်လျှပ်စစ် ရေတင်စီမံကိန်း ဆောင်ရွက်နိုင်မှုကြောင့် ငမိုးရိပ်ချောင်းတိမ်ကောမှု ဖြစ်ပေါ်ခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ စီမံကိန်းနှင့်ဆက်စပ်နေသော ရပ်ကွက်/ ကျေးရွာများ အချင်းချင်း ဆက်သွယ်သွားလာမှုလွယ်ကူစေခြင်း၊ နွေစပါးဧက ၅၁၄၈ ကိုရေပေးဝေနိုင်မှုကြောင့် ဒေသဝမ်းစာဖူလုံပြီး ကုန်ထုတ်စွမ်းအား တိုးတက်လာစေခြင်း၊ ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်သဖြင့် ဒေသခံပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာစေခြင်း စသည့် အကျိုးကျေးဇူးများဖြစ်ထွန်းပေါ်ပေါက်ခဲ့ပြီ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ငမိုးရိပ် လျှပ်စစ်ရေတင် စီမံကိန်း၏ ပင်မမြောင်းအတွင်း ရေများစီးဆင်းမှုကို ဤသို့တွေ့ရသည်။

သာကေတမြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

ရန်ကုန် မေ ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် စာရေးဆရာအသင်း ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို မေ ၁၃ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဖြစ်မြောက်ရေးအဖွဲ့ ဗဟိုအမှုဆောင်ဦးခင်ဆွေ(ရွှေစွန်ညို)တို့က အမှာစကားပြောကြားပြီး သာကေတမြို့နယ်စာရေးဆရာအသင်းကို ဥက္ကဋ္ဌဦးကြည်စိန်(မော်ဝန်း ကြည်မြတ်)၊ ဒုတိယဥက္ကဋ္ဌ ဦးဘငြိမ်း(ရွှေမြိုင်ဘသန်းတင်)၊ အတွင်းရေးမှူး ဦးအောင်မင်း(မင်းရိုးယဉ်)၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်မြင့်(အောင်သျှင်သူ-မဟာမြေ)၊ ဘဏ္ဍာရေးမှူးဦးခင်အောင်(ကေတရီလေး)၊ အမှုဆောင်များအဖြစ် ကိုကြည်သောင်း(ကြည်သာ)၊ ဦးဝင်းကြည်(ဖေသောရီ)တို့ကို ရွေးချယ်ခဲ့ကြပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ရွေးချယ်ခဲ့ကြောင်း သိရှိရသည်။ (၀၂၀)

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

ညောင်ဦး မေ ၁၈

ညောင်ဦးမြို့ စံပြတိုင်းရင်းမျိုးထိန်း၊ မျိုးပွားကြက်ခြံမှ အသားထုတ်လုပ်မှုကောင်းသော အင်ပင်ဝကြက်မျိုး၊ ဥထုတ်လုပ်မှုကောင်းသော စစ်တကောင်းကြက်မျိုးများကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးရွာပြည်သူများ ဝင်ငွေတိုးပွားလာစေရန်အတွက် ဖြန့်ဖြူးပေးလျက်ရှိရာ မေ ၁၂ ရက်က ညောင်ဦးမြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာမြနှင်းထွေး ဦးဆောင်သောအဖွဲ့သည် သူဌေးကန်ကျေးရွာ၊ မင်းနန်သူကျေးရွာ၊ ပုလင်းကျေးရွာများတွင် နှစ်လသားကြက်သားပေါက် ၁၅၀ခန့်ကို ကျေးလက်နေပြည်သူများ မွေးမြူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မွေးမြူရေး)**

စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းသားများလေ့လာ

ရန်ကုန် မေ ၁၈

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း တိုက်ကြီးမြို့တွင် တက်ရောက်နေသော ဒုတိယဦးစီးမှူးများ စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၂)မှ သင်တန်းသား ၈၀သည် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် တောင်သူတစ်ဦးချင်း လုပ်ကွက်ဇရိယာ မှန်ကန်ရေးလုပ်ငန်းကိုလက်တွေ့ကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ လက်တွေ့ကွင်းဆင်းလေ့လာရေးအဖွဲ့ကို သင်တန်းကျောင်း ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးခင်မောင်ဗိုလ်နှင့် တာဝန်ရှိသူများ လိုက်ပါကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(ကြေးတိုင်နှင့်မြေစာရင်း)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန် -

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ် လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင် ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင်အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံး ပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့အလင်း မှုခင်းသတင်း ၁၈-၅-၂၀၁၂

မော်တော်ယာဉ်ပေါ်မှ ဆင်းလာသူ နောက်ကြည့်မှန်နှင့် နားရွက်ချိတ်မိ သေဆုံး

လမ်းဘေးရပ်ထားသည့်ကားပေါ်မှ ဆင်းလာသူ၏နားရွက်နှင့် ဖြတ်ကျော်မောင်းသွားသည့်ကားတစ်စီး၏ နောက်ကြည့်မှန်ချိတ်တွဲပါသွားပြီး သေဆုံးမှုဖြစ်ရသောဖြစ်ရပ်တစ်ခု မြန်အောင်-ဟသ်ာတကားလမ်းပေါ်တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁၆ ရက် ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် မြန်အောင်-ဟသ်ာတကားလမ်း မိုင်တိုင် ၄၅/၆ နှင့် ၄၅/၇ အကြား ကညင်ငူရွာသစ်ကျေးရွာအနီး ထူးကြီးမှ မြန်အောင်သို့ အိုကီဆပ်ပြာကရင်မ်ကုန်ပို့ယာဉ်အမှတ် စစ-. . . . ကန်တာမော်တော်ယာဉ်ကို ခိုင်ရွှေဝါလမ်း (၃)ရပ်ကွက် မရမ်းကုန်းနေသူ အောင်နိုင်ထွေး အသက် ၃၉ နှစ်(ဘ-ဦးအေးကြူ)မောင်းနှင်လာရာ အဆိုပါ မော်တော်ယာဉ်၏ နောက်ကြည့်မှန်နှင့် လမ်းဘေးတွင်ရပ်နားထားသော ၈၄/. . . ဖန်းထရပ်ကားပေါ်မှ ဆင်းလာသည့် ဦးလှဝင်းတင် အသက် ၅၂ နှစ် (ဘ-ဦးလှသော်) ဗလန်းစိန်ကျေးရွာ မြန်အောင်မြို့နယ်နေသူ၏ နားရွက်ချိတ်တွဲပါသွားပြီး ဦးခေါင်းယာခြမ်း၊ ယာနားရွက်၊ ယာမျက်ခုံး၊ ယာခြေမ၊ ယာလက်ခုံညိုမဲပေါက်ပြဲဒဏ်ရာ များရရှိကာ လဲကျသေဆုံးသွားကြောင်းသိရသည်။ ၎င်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာက အရေးယူထားကြောင်း သိရှိရသည်။ (၀၇၇)

ချဲထီ၊ နှစ်လုံးထီ တောင်ငူ၌ ဖမ်းမိ

မေ ၁၆ ရက် နံနက် ၁၁ နာရီခွဲတွင် တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးချင်းစိန် ဦးစီးအဖွဲ့သည် တောင်ငူမြို့ ၁၃ ရပ်ကွက် ကျန်းမာရေး ၂ လမ်းနေ ဒေါ်လှဝင်း(ခ) ဒေါ်လှလှဝင်း၏ နေအိမ်တွင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ချဲထီ၊ နှစ်လုံးထီ စာရွက်စာတမ်းများ၊ ပစ္စည်းများနှင့်အတူ လောင်းကြေးငွေကျပ် ၂၁၉၁၆၅၀၊ ချဲထီ၊ နှစ်လုံးထီ ရောင်းချရာတွင် အသုံးပြုသော တယ်လီဖုန်းတစ်လုံး၊Fax ဖုန်းတစ်လုံး တို့အား သိမ်းဆည်းရမိသဖြင့် သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၁၁၅)

မြန်မာ့အလင်း စာအုပ်စင်ကလျာ ၁၈-၅-၂၀၁၂

ကိုလင်း- စုစည်းသည်

စာရေးသူ ကြိုင်လျှမ်း၏ လွမ်းငွေ့မပြေ ချယ်ရီမြေ စာအုပ်ထွက်ရှိ



စာရေးသူ ကြိုင်လျှမ်း၏ လွမ်းငွေ့မပြေ ချယ်ရီမြေစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

အဆိုပါ စာအုပ်တွင် ချယ်ရီမြေသို့ ခရီးအစ၊ တစ်နှစ်သုံးလေး အီကြာကွေးနှင့် ဆေးစစ်ကြရခြင်း၊ စတိတ်ခုံပေါ် တက်အိပ်ပြသူ၊ ရိပ်သာ၌ ယင်ကောင်ရိုက်ကြခြင်း၊ ပန်းကန်ကျော်သွားအမဲသား၊ ဆိုက်ထုတ်၍ ဆံသကြသူများ၊ အကြောလျှော့၍ ရယ်သောမျက်နှာ၊ ပြင်ဦးလွင်ဆောင်း၊ အက်စမာနှင့် အရသာရှိသော ဟင်းတစ်ခွက်၊ စစ်လက်ရုံး ဖြေဆိုကြရခြင်း၊ စာပေဥယျာဉ်ကြီးနှင့် စစ်တက္ကသိုလ်စာဆို စစ်သည်များ၊ ကွန်မန်ဒိုညတိုက်ပွဲ၊ မြစ်ဖြတ်ကူးတိုက်ခိုက်ခြင်း၊ ခွန်းဆက်ခဲ့ပြီ ချယ်ရီမြေ စသည့် အခန်း ၃၂ ခန်းပါရှိသည်။

စာရေးသူမှာ စစ်တက္ကသိုလ်အမှတ်စဉ် (၂၆)မှ အောင်စစ်သည်ဆုနှင့် စာပေထူးချွန်ဆုရရှိခဲ့သည့် ကျောင်းဆင်းအရာရှိတစ်ဦးဖြစ်ပြီး စစ်တက္ကသိုလ်ပုံရိပ်ကို ပေါ်အောင် ရေးဖွဲ့ထားသဖြင့် ဖတ်ရှုရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ စာဖတ်ပရိသတ်အတွက် တန်ဖိုးရှိသော စာအုပ်ကောင်းတစ်အုပ်ကို စိတ်ကူးချိုချိုစာပေက တစ်အုပ်လျှင် ရောင်းဈေး ငွေကျပ် ၂၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

ကုလသမဂ္ဂ ပင်လယ်ပြင်ဆိုင်ရာဥပဒေစာအုပ်ထုတ်ဝေဖြန့်ချိ

ပါမောက္ခ ဦးကျော်ညွှန့်၏ ကုလသမဂ္ဂပင်လယ်ပြင်ဆိုင်ရာ ဥပဒေစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

အဆိုပါစာအုပ်တွင် ပင်လယ်အောက်ကြမ်းပြင်များနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂက မူဝါဒချမှတ်ပေးခြင်း၊ ကမ်းဦးရေတိမ်ပိုင်းတွင် ကမ်းရိုးတန်းပိုင်နိုင်ငံ၏ လုပ်ပိုင်ခွင့်နှင့် ကြီးကြပ်ဆောင်ရွက်ခွင့်၊ နိဒါန်းပိုင်းဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ပိုင်နက်ပင်လယ်ပြင်နှင့် ဆက်စပ်ဇုန်၊ ပြည်တွင်း ရေပိုင်နက်နယ်မြေများ၊ သင်္ဘောများ အပြစ်ကင်းမဲ့စွာ ဖြတ်သန်းခုတ်မောင်းသွားလာခွင့်၊ ကမ်းရိုးတန်းပိုင်ဆိုင်သောနိုင်ငံများ၏ တာဝန်နှင့်ပိုင်ဆိုင်ခွင့်၊ နိုင်ငံခြားသင်္ဘောများအား အခွန်ကောက်ခံခွင့်နှင့် ပြစ်မှုစီရင်ပိုင်ခွင့်၊ နိုင်ငံခြားသင်္ဘောများဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ဆက်စပ်ဇုန်စသည်ဖြင့် အခန်း ၁၈ ခန်း ပါရှိသည်။

ယင်းစာအုပ်ကို Wisdom House စာအုပ်တိုက်က တန်ဖိုးငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

အလင်းသစ်အရာရှိငယ်ဝင်ခွင့်လမ်းညွှန်(အင်္ဂလိပ်စာ) စာအုပ်ထုတ်ဝေ

အလင်းသစ်စာတည်းအဖွဲ့ ရေးသားထားသော **အလင်းသစ်အရာရှိငယ်ဝင်ခွင့်လမ်းညွှန်(အင်္ဂလိပ်စာ)** စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

နည်းပြ၊ သရုပ်ပြများ၊ စီမံခန့်ခွဲရေးဝန်ထမ်း-၁၊ ဥပဒေအရာရှိအဆင့်-၄၊ ဒု-မြို့နယ်တရားသူကြီးများ၊ ဒု-ဦးစီးမှူးများ၊ ဒု-အကောက်ခွန်မှူးများ၊ ဒု-စီမံကိန်းမှူးများနှင့် ဌာနဆိုင်ရာ အရာရှိငယ် ဝင်ခွင့်စာမေးပွဲဖြေဆိုမည့်သူများအတွက် ရည်ရွယ်ထုတ်ဝေထားခြင်းဖြစ်သည်။ ဌာနအသီးသီးမှ မေးခွန်းဟောင်းများ၊ Comprehension ဖြေဆိုပုံ ဖြေဆိုနည်းများနှင့် လေ့လာရမည့် သင်ခန်းစာများ၊ For or Against နှင့် Essay ကဏ္ဍများအတွက် မေးလေ့မေးထရှိသည့်ခေါင်းစဉ်များနှင့် ခေတ်နှင့်လျော်ညီစွာ လေ့လာထားရမည့်ခေါင်းစဉ်များ ပါဝင်ပြီး အလင်းသစ်စာပေ တိုက်-၆ အခန်း-၄၀၄ ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှတစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်နိုင်ရန် အရေးပေါ်စီမံချက်များ စာအုပ်ထုတ်ဝေ



စာရေးဆရာ မန်းသူစေးရေးသားသော သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်နိုင်ရန် အရေးပေါ်စီမံချက်များစာအုပ်ထွက်ရှိလာသည်။

ကမ္ဘာပေါ်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ကြုံတွေ့ရသော သဘာဝဘေးဆိုးကြီးများကို ကာကွယ်ရာတွင် အထောက်အကူပြုသော စာအုပ်ဖြစ်သည်။ စာအုပ်တွင် လူထုအားကို အသုံးချခြင်း၊ မုန်တိုင်းကြောင့် အဆောက်အအုံပျက်စီးခြင်း၊ မီးသတ်ဘူးအရေးပေါ်သုံးစွဲခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရေးပေါ်စီမံချက်ချခြင်း၊ စီမံချက်ရေးဆွဲရာ၌ အရေးကြီးအချက်များ စသည့်အခန်းများ ပါဝင်သည်။ စာအုပ်ကို မဇ္ဈိမစာပေအမှတ် (၂၃၇)၊ ၃၉ လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်ဟောင်းနှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၈

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်ဟောင်းနှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo WATANABE ဦးဆောင်သည့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါ ဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဂျပန် ချစ်ကြည်ရေး တိုးတက်ခိုင်မာရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများတွင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာဂီတ

➤ ကောင်းမြတ်သူ - ရေးသားသည် ➤

ကမ္ဘာကျော်အဆိုတော် အဒေလီ အကောင်းဆုံးသီချင်းရေးဆရာဆု ဆွတ်ခူး

လန်ဒန် မေ ၁၈

ဗြိတိသျှအဆိုတော် အဒေလီတစ်ဦး Ivor Novello Awards ဂီတဆုပေးပွဲမှာ အကောင်းဆုံး သီချင်းရေးဆရာဆု ဆွတ်ခူးရခဲ့ပြန်ပါပြီ။ **(အောက်ပုံ)** သူမဟာ ၂၀၁၁ ခုနှစ်မှာ လူကြိုက်အများဆုံး သီချင်းတစ်ပုဒ်ဖြစ်တဲ့ Rolling in the Deep သီချင်းနဲ့ တစ်နှစ်တာ အကောင်းဆုံး သီချင်းရေးဆရာဆု ဆွတ်ခူးခဲ့တာ ဖြစ်ပါတယ်။

သို့သော်လည်း အဆိုတော်

Ed Sheeran က The A-Team လို့အမည်ရတဲ့ သီချင်းနဲ့ Rolling in the Deep ကို ကျော်ပြီး အကောင်းဆုံးမြူးဇစ် သီချင်းဆု ဆွတ်ခူးသွားခဲ့ပါတယ်။ အဆိုတော် ပီဂျေဟာဗေးကတော့ Let England Shake လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ အကောင်းဆုံး တေးအယ်လ်ဘမ်ဆု ဆွတ်ခူးသွားခဲ့ပါတယ်။ သူမရဲ့ တေးအယ်လ်ဘမ်ဟာ အဆိုတော် အဒေလီရဲ့ 21 နဲ့ ကိတ်ဘုတ်ရှ်ရဲ့ 50 Words For Show တို့ကို ကျော်ဖြတ်ပြီး အကောင်းဆုံး အယ်လ်ဘမ်ဆု ဆွတ်ခူးသွားခဲ့တာ ဖြစ်ပါတယ်။ ဒီဂီတဂုဏ်ပြုဆုချီးမြှင့်ပွဲဟာ ဗြိတိသျှနဲ့ အိုင်ယာလန် တေးပြုစာဆိုတွေနဲ့ အဆိုတော်တွေကို ဂုဏ်ပြုတဲ့ပွဲ ဖြစ်ပါတယ်။ ဒီနှစ်မှာတော့ သက်တမ်း ၅၇ နှစ်ရှိခဲ့ပါပြီ။

အဆိုတော်အဒေလီဟာ Rolling in the Deep သီချင်းနဲ့ Someone Like You လို့

စာမျက်နှာ ၇ ကော်လံ ၃ ❍

ရောမ မာစတာတင်းနစ်ပြိုင်ပွဲ လီနာနိုင်ပွဲရပြီး နောက်တစ်ဆင့်တက်

ရောမ မေ ၁၈

ရောမမာစတာ တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း တတိယအဆင့်ပွဲစဉ်များကို မေ ၁၈ ရက်က ဆက်လက်ယှဉ်ပြိုင်ရာ တရုတ်တင်းနစ်မယ် လီနာ **(ယာပုံ)**က တောင်အာဖရိကတင်းနစ်မယ် ရှချီပါကို အနိုင်ရရှိပြီး နောက်တစ်ဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။

လီနာသည် ရှချီပါကို ၇-၆ (၇-၃)၊ ၆-၂ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ လီနာသည် ယခုပွဲကို အနိုင်ရရှိရန် ခက်ခက်ခဲခဲကစားခဲ့ရခြင်းဖြစ်သည်။ နောက်ထပ် ပွဲစဉ်တစ်ပွဲအဖြစ် ချက်တင်းနစ်မယ် ဗစ်တိုဗာနှင့် ရိုမေးနီးယားတင်းနစ်မယ် ဆာစဟီရာတို့ပွဲတွင် ဗစ်တိုဗာက ၆-၂၊ ၅-၇၊ ၆-၂ ဖြင့် နိုင်ပွဲရရှိခဲ့ပြီး နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့သည်။ ထို့အတူ ဆီရီနာဝီလျံနှင့် စပိန်တင်းနစ်မယ် ဂါရီဂတ်စ်တို့ပွဲတွင် ဆီရီနာဝီလျံက ၆-၃၊ ၆-၁ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ တစ်ဖန် ဗီးနပ်စ်ဝီလျံနှင့် ဩစတြေးလျတင်းနစ်မယ် စတိုဆာတို့ပွဲတွင် ဗီးနပ်စ်ဝီလျံက ၆-၄၊ ၆-၃ ဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

နောက်ထပ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ရှာရာပိုဗာနှင့် အိုင်ဗင်နိုဗစ်တို့ပွဲတွင် ရှာရာပိုဗာက ၇-၆ (၇-၄)၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ရောမမာစတာတင်းနစ် အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ တတိယပွဲစဉ်များအဖြစ် ဆားဘီးယားတင်းနစ်သမား ဂျိုကိုဗစ်နှင့် အာဂျင်တီးနား တင်းနစ်သမား မိုနာကိုတို့ပွဲတွင် ဂျိုကိုဗစ်က

စာမျက်နှာ ၇ ကော်လံ ၃ ●

နေ့စဉ်ပါးဧက ၅၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေမည့် လှည်းကူးမြို့နယ်က ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်း

သတင်းဆောင်းပါး တင်ထွေး(သတင်းစဉ်)

ဓာတ်ပုံမှတ်တမ်း ကိုထွေး

နေပြည်တော် မေ ၁၈

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး အတွင်း နွေစပါး စိုက်ပျိုးဖြစ်ထွန်းရေးအတွက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တည်ဆောက်ပြီး မြစ်ရေတင်လုပ်ငန်း ၁၆ ခုနှင့် တည်ဆောက်ဆဲ မြစ်ရေတင်လုပ်ငန်းကိုးခု ပါဝင်သည်။

ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်း၏ ရေတင်စက်ရုံနှင့် ရေငြိမ်ကန်တို့ကို တွေ့ရစဉ်။

အဆိုပါတည်ဆောက်ဆဲ မြစ်ရေတင်လုပ်ငန်းကိုးခုအနက် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မုဆိုးညောင်ပင်ကျေးရွာအနီးရှိ ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်းသည် စီမံကိန်းအကောင်အထည်ဖော်ဆဲကာလ၌ပင် စိုက်ပျိုးရေပေးဝေနိုင်သော အောင်မြင်မှုရရှိနေသည့် စီမံကိန်းတစ်ခုဖြစ်သည်။

ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်းသည် ငမိုးရိပ်ချောင်းမှရေကို စုပ်တင်ပြီး လယ်မြေဧက ၈၀၀၀ ကို စိုက်ပျိုးရေပေးဝေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့သော စီမံကိန်းဖြစ်သည်။ သို့သော်လည်း ဆည်မြောင်းဦးစီးဌာနနှင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတို့၏ ရေပေးဝေမည့် ဧရိယာထပ်နေမှုကို ကွဲကွဲပြားပြားဖြစ်စေရန် ကွင်းဆင်းတိုင်းတာခဲ့ပြီးနောက် ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်း၏ အမှန်တကယ် ရေပေးဝေရမည့် ဧကမှာ ၅၁၄၈ ဧကသာ ဖြစ်ကြောင်း သတ်မှတ်ခဲ့သည်။

ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်းသည် လှည်းကူးမြို့၏ အရှေ့ဘက် သုံးမိုင်ခန့်အကွာ ငမိုးရိပ်ချောင်း၏ အနောက်ဘက်ခြမ်းတွင်တည်ရှိပြီး ၁-၁၂-၂၀၀၄ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းဧရိယာအတွင်း ဆင်ကူး၊ မုဆိုးညောင်ပင်၊ ရှမ်းရွာ၊ ဘိုးရင်ကလေး၊ အဝိုင်းအနောက်နှင့် မလစ်ကျေးရွာများ ပါဝင်သည်။

ငမိုးရိပ်လျှပ်စစ်ရေတင်စီမံကိန်း၏ ရေတင်စက်ရုံအမျိုးအစားမှာ Fixed Type ဖြစ်ပြီး ရေတင်အဆင့်တစ်ဆင့်၊ ရေအတက်အကျကွာခြားချက် ၁၅ ပေ၊ နှစ်စဉ် ပျမ်းမျှ

စာမျက်နှာ ၁၀ ကော်လံ ၁ ▲

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဟွန်ဒါ မော်တော်ကားများ ဈေးကွက်မှ ပြန်ရုပ်သိမ်း စာ-၆

လက်နှစ်ဖက်ပြတ်နေသည့် ပြင်သစ်နိုင်ငံသား ပါပူဝါနယူးဂီနီမှ အင်ဒိုနီးရှားသို့ရေကူး စာ-၆

(၂၇)ကြိမ်မြောက် ဆီးဂိမ်း၌ ရွှေတံဆိပ်ရရှိရေး မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ စာ-၈